မြဝတီ
နေ့စဉ်
တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ
www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၃၁၆)
၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနပ်ဝီသတိမအစည်းအဝေး ပထမနေ့ကျင်းပ** စာ - ၅ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၊ ကျောက်စိမ်းခန်းမဥ္စကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

စာမျက်နှာ ၁၆ ကော်လံ ၄ ☆




# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)၏၁/၂၀၂၅ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၅)အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင်CPUအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အဂတိလိုက်စားမှုပပျောက်ရေးကို ဝန်ထမ်းအဖွဲ့အစည်းတစ်ခုလုံး လိုက်နာကျင့်သုံးမှသာ အဂတိကင်းစင်ပပျောက်နိုင်မည်ဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများအားလုံး အဂတိလိုက်စားခြင်း၏ ဆိုးကျိုးများကို သိရှိနားလည်စေရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ဦးစီးဌာနများ၊ တက္ကသိုလ်များအလိုက် ဖွဲ့စည်းထားသည့် CPU များ၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ဆောင်ရွက်ထားမှု၊ ယခင်အစည်းအဝေးဆွေးနွေးချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် သုံးသပ်ဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆန္ဒဖော်ထုတ်ပွဲများကျင်းပပေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးများ၊ တက္ကသိုလ်နှင့်ကျောင်းများတွင် စာတိုက်ပုံးများထားရှိပြီး ကာလသတ်မှတ်ဖွင့်ဖောက်၍ စစ်ဆေးဆောင်ရွက်ခြင်း၊ အများပြည်သူထံမှ တုံ့ပြန်ရယူခြင်းအစီအစဉ်များဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်အတွင်း စီမံခန့်ခွဲမှုအရဆောင်ရွက်ပေးမှု ၅၁ ကြိမ်၊ အသိပညာပေးဟောပြောမှု ၆၄၉ ကြိမ်၊ လက်ကမ်းစာစောင်များ ဖြန့်ဝေမှု ၄၇၇၆ စောင်၊ သင်တန်းပို့ချမှု ၂၃ ကြိမ်နှင့် အလုပ်ရုံဆွေးနွေးပွဲ ၁၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လူငယ်အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဆက်လက်ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ လူငယ်အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင်ဆွေးနွေးခဲ့ကြသည့် လူငယ်ကိုယ်စားလှယ်များက အဖွဲ့လိုက် Presentation များဖြင့် ဆွေးနွေးဖလှယ်ကြပြီး “Building An Intergreated and Innovative Future” ခေါင်းစဉ်များ၏ ဆွေးနွေးပွဲရလဒ်များကို ပြန်လည်တင်ပြကြသည်။

ဆက်လက်၍ လူငယ်အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှာစကားပြောကြားရာတွင် “One Voice, One Vision: Empowering Youth For Unity and Friendship” ခေါင်းစဉ်ဖြင့်ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၌ အဖွဲ့လိုက်ဆွေးနွေးခဲ့ကြသည့် လူငယ်ကိုယ်စားလှယ်များသည် ဗဟုသုတနှင့်ပြည့်စုံပြီး ကျွမ်းကျင်မှုရှိရုံသာမက တက်ကြွစွာ ပူးပေါင်းပါဝင်ဆွေးနွေးနိုင်ခြင်း၊ ခံယူချက်ကောင်းမွန်ပြီး ထက်မြက်ထူးချွန်သည့်လူငယ်များဖြစ်သည့်အတွက် အနာဂတ်တွင် နိုင်ငံတော်မှ အားထားရသည့်လူငယ်များကို မြင်တွေ့ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီထောက်ပံ့ဆောင်ရွက်ပေးခဲ့ကြသည့် အဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့်လူငယ်အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် Moderator နှင့် Speaker များကို ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ပြီး လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများက Fitness Dance အကဖြင့် သရုပ်ပြကပြကြရာ လူငယ်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အတူတကွလိုက်ပါဆောင်ရွက်ကြပြီး ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်း အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ပြသထားသည့် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီးများ၏ ပုံတူရုပ်တုများနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် အားကစားလှုပ်ရှားဆောင်ရွက်မှုများ ပြခန်းနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပခဲ့မှု မှတ်တမ်းပြခန်းများသို့ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။


(၅၀၀)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာမြတ်မြတ်သော်<br>ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟားခါးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာမြတ်ဝဏ္ဏစိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာသီတာလှ<br>ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |




| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၁၈°C / ၃၆°C |
| ရန်ကုန် | ၂၄°C / ၃၆°C |
| မန္တလေး | ၁၉°C / ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ညီနှင့် တူများ

ကျွန်ုပ်၏ နမအောက်တွင် ညီတစ်ယောက်ရှိသေး၏။ ညီမှာမူ ကျွန်ုပ်အိမ်ထောင်ပြုသောအချိန်တွင် မိဘများနှင့်မနေဘဲ ကျွန်ုပ်နှင့်အတူ လိုက်၍နေရာ ထိုစဉ်က ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက် ခင်မင်ကြပုံမှာ မည်သည့်ညီအစ်ကိုနှင့်မျှ မတူပုံကို မိဘနှစ်ပါးတို့က ဝမ်းသာအားရနှင့် တပြောပြောရှိရှာကြ၏။ ကျွန်ုပ်သည် ညီလေးအား ကျွန်ုပ်ကျောင်းထားပေးရန် တာဝန်ယူသော်လည်း (သုံးတန်းမျှသာရောက်သည်။) ကျွန်ုပ် တောလိုက်စာရေးဖြစ်စဉ်က တစ်ယောက်နှင့်တစ်ယောက် မခွဲချင်ကြသည်နှင့် ကျွန်ုပ်တို့ နယ်လှည့်ရာသို့ စရိတ်အကုန်ခံပြီး ခေါ်သွားလေ့ရှိ၏။ ထို့နောက် သူရိယတိုက်သို့ ကျွန်ုပ်ရောက်သောအခါတွင်လည်း ကျွန်ုပ်နှင့်ပင် အတူနေထိုင်လျက်ရှိရာ အင်္ဂလိပ်စာကို ကျွန်ုပ်ပင်သင်ပေး၍ ဖတ်သင့်ဖတ်ထိုက်သော အင်္ဂလိပ်စာအုပ်မျိုးကို ဖတ်စေခြင်းအားဖြင့် အင်္ဂလိပ်လိုအရေးအသားတွင် ကျွန်ုပ်ကိုမမီသော်လည်း ပြောရေးဆိုစရှိခြင်း၌မူ ကျွန်ုပ်ထက်ပင် သာပါသေးသည်။

ညီတော်မောင်ကား ကျွန်ုပ်ကဲ့သို့မျှ တက္ကသိုလ်ဝင်တန်းမအောင်သော်လည်း 'ဦးခေါင်းလျှို့' ခြင်းမရှိ။ တက္ကသိုလ်များ၌ နေရဖူးလျှင် 'ကြောင်ကို အတောင်တပ်ပေးသကဲ့သို့' ဖြစ်သွားလိမ့်မည်ထင်၏။ နမကမွေးခဲ့သည့် တူတစ်ယောက်မှာလည်း ညီတော်မောင်ကဲ့သို့ပင် 'ဦးခေါင်း ထောင်သူ' တစ်ယောက်ဖြစ်လေရာ မန္တလေးမြို့တွင် လျှမ်းလျှမ်းတောက်ဆိုလောက်သည့်အခြေအနေမျိုးသို့ ရောက်ခဲ့၏။ (ရာထူးကို ဆိုလိုခြင်းမဟုတ်၊ 'တွင်ကျယ်'ခြင်းကို ဆိုလိုခြင်းဖြစ်သည်။) သူတို့နှစ်ယောက်သည် တက္ကသိုလ်အနီးသို့ပင် မရောက်ခဲ့ကြ။ ရောက်ဖို့လည်းမလိုဟု၍ သူတို့ကိုယ်သူတို့ (မျက်ကန်းတစ္ဆေမကြောက်) ထင်ကောင်းထင်ကြပေမည်။ သို့ရာတွင် ကျွန်ုပ်၏မျက်စိ၌ကား တက္ကသိုလ်ကျောင်းသား၏စိတ်ဓာတ်နှင့် ဟန်ပန်အမူအရာမျိုး (Poise) ဖြည့်စွက်ပေးလိုက်ရလျှင် အများကြီးတက်ဖို့ရှိသေးသည်ဟု မြင်မိပါသည်။ ၎င်းညီမှာ ကျွန်ုပ်၏တစ်ဦးတည်းကျန်ရှိသော မွေးချင်းပေါက်ဖော်ဖြစ်ပါတော့သည်။ ညီကမွေးသည့် တူတစ်ယောက်မှာ ကျွန်ုပ်နှင့် စိတ်သဘောထားခပ်ဆင်ဆင်ရှိသည်ဆိုကာ သူ့အဖေကကျေနပ်ပုံမရသော်လည်း တက္ကသိုလ်၌ လေးနှစ်နေခဲ့ဖူးသည့်အတွက်ကြောင့် ကျွန်ုပ်ထက်သာသော အချက်အလက်များရှိခြင်းကို ကျွန်ုပ်မြင်နိုင်ပါသည်။



### စိတ်လေလွင့်ခြင်း

ကျွန်ုပ်၏မှတ်တမ်းကို အချိန်ကာလအားဖြင့် ရှေ့သို့ ကျော်လွှားခြင်း၊ အတွေးအခေါ်များကို ဖော်ပြခြင်း၊ အဖြစ်အပျက်အနေအားဖြင့် နံဘေးသို့ချော်ထွက်ခြင်း စသည်တို့ကို ဤနေရာတွင် ရပ်တန့်၍ ၁၉၁၄ ခုနှစ်သို့ပြန်ဆင်းကာ ဆက်လက်ဖော်ပြပါတော့မည်။ ထိုအချိန်တွင် ကျွန်ုပ်သည် လယ်ယာစိုက်ပျိုးရေးဘက်ဆိုင်ရာ ဒု-ဝန်ကြီး၏ တောလိုက်စာရေးအဖြစ်နှင့် အမှုထမ်းလျက်ရှိရာ ဝန်ကြီးကစိုက်၍ဆပ်သည့် အကြွေးမှာလည်း ကျေလုနီးပါပြီ။ (တစ်ရာကျော်လောက် ကျန်တော့သည်ထင်၏။) အထက်ပိုင်းတွင် အရိပ်အမြွက်ကို ဖော်ပြခဲ့ဖူးသည့်အတိုင်း (ကျွန်ုပ်၏ဇာတာအရ) အလုပ်အကိုင်ပြောင်းလဲဖို့အချိန်ဆိုက်ရောက်လာသည့် လက္ခဏာရှိ၏။ နယ်လှည့်ရသောအလုပ်ကို 'အီတီတီ' ဖြစ်လာသည့်အပြင် ဇနီးသည် (ပထမအိမ်ထောင်)နှင့်လည်း တကျက်ကျက်ဖြစ်စပြုလာ၏။ သူဆိုးသည်၊ ငါဆိုးသည်ဟု မဝေဖန်လိုတော့ပါ။ သို့သော် ကျွန်ုပ်၏ လေလွင့်ချင်သောအပြစ်က များလိမ့်မည်ဟု ဝန်ခံဖို့အသင့်ရှိပါသည်။ နောက်ဆုံး၌ ဇနီးသည်က ၎င်းဖခင်ရှိသည့် ရေနံချောင်းမြို့သို့ သမီးလေးနှင့် အလည်အပတ်သွားချင်သည်ဟုပြောရာတွင် ကျွန်ုပ်က ဝမ်းမြောက်စွာ ခွင့်ပြုလိုက်လေ၏။ ထိုအချိန်တွင် ကျွန်ုပ်မှာ ဘဝင်မြင့်ရောဂါပျောက်ခဲ့ပြီဖြစ်သော်လည်း စိတ်သည် အကြောင်းမဲ့လေလွင့်လျက်ရှိ၏။ စံဒေဝီကား ထိုစဉ်က ရှိပါသေးသည်။ သို့သော် သူ့ကို သတိရ၍မဟုတ်။ မည်သူ့အားမျှလည်း ပိုးပန်းချင်သောစိတ်မျိုးပေါ်လာသည်မဟုတ်။ အိမ်၌မနေချင်ဘဲ အလကားလည်ပတ်နေချင်၏။ နယ်သို့မထွက်ရသောရက်များတွင် ရုံးသို့အလုပ်သွား၍ ဝတ်ကျေဝတ်ကုန်လုပ်ခဲ့ပြီးနောက် ရုံးမှပြန်လာသောအခါ သူငယ်ချင်းများ၏အိမ်တွင် ဤတစ်ည၊ ထိုတစ်ည အိပ်လေ့ရှိ၏။ တစ်ခါတစ်ရံတွင် ဘိလိယက်ခုံ၌ မိုးလင်းခြင်းများလည်း ပါသေး၏။ မိတ်များမှုကား ဝက်လက်သို့ရောက်သွားကြပြန်လေ၏။ တစ်ခါတစ်ရံတွင် အိမ်ထောင်ကျလျက်ရှိပြီဖြစ်သော နမ၏အိမ်၌ တစ်ညတလေအိပ်၏။ ထိုရက်များတွင် ကျွန်ုပ်သည် ပွဲတက်မပါသောလေ့ကဲ့သို့ ပင်လယ်ထဲတွင် လှိုင်းလေပုတ်ခတ်တိုင်း မျောချင်ရာသို့ မျောပါလျက်ရှိ၏။ လောက၌ ကျွန်ုပ်အဖို့ မည်သည့်ရည်ရွယ်ချက်မျှမရှိ။ ရပ်တန့် စဉ်းစားခြင်းလည်းမရှိ။ လုပ်ချင်ရာလုပ်၍ ဖြစ်ချင်ရာ ဖြစ်နေတော့၏။ သို့ဆိုသော်လည်း ဆိုးဆိုးရွားရွားအလုပ်မျိုးကားမပါ။ စာဖတ်ချင်လျှင် မိုးလင်းအောင် ဖတ်နေတတ်သေး၏။ ထိုအချိန်တွင် ကျွန်ုပ်နှင့် အလွန်ခင်မင်အကျွမ်းဝင်သည့် ကိုခင်မောင်တင့်တို့လင်မယားသည် အခွင့်ယူ၍ ဟင်္သာတမြို့သို့ ဆင်းသွားရာ မယားသေဆုံး၍ ကိုခင်မောင်တင့် အလုပ်ထွက်လိုက်လေ၏။ အကယ်၍ ၎င်းတို့ လင်မယားရှိနေခဲ့ပါမူ ကျွန်ုပ်သည် သူတို့အိမ်၌ စတည်းချလိမ့်မည်ထင်၏။ ကျွန်ုပ်သည် ဗေဒင်မေးတတ်၍ မေးကြည့်ခဲ့လျှင် အသက်တာ၏ လမ်းဆုံလမ်းခွသို့ ရောက်နေသဖြင့် သတိပြုရမည်ဟု ဟောကောင်းဟောလိမ့်မည်ထင်သည်။ ဤကာလအပိုင်းအခြားကဲ့သို့ ကျွန်ုပ်အဖို့ရာ၌ အဓိပ္ပာယ်မရှိသောအချိန်သည် တစ်ခါဖူးမျှ မကြုံခဲ့ရဖူးပါ။ စိတ်ညစ်ခြင်း၊ ပျော်ခြင်း၊ တောင့်တခြင်း အလျဉ်းမရှိဘဲ ဗလာသက်သက်လေလွင့်နေခြင်းပင်ဖြစ်လေသည်။

### အလုပ်ပြုတ်လေပြီ

တစ်နေ့သ၌ ကျွန်ုပ်အား ကယ်ဆယ်သည့် ဒု-ဝန်ကြီး မစ္စတာသော်မ်ဆင်ခွင့်ယူသွားလေရာ လေလွင့်လျက်ရှိသော ကျွန်ုပ်၏စိတ်သည် မုန်တိုင်းနှင့် တိုးဝှေ့သကဲ့သို့ ပရမ်းပတာဖြစ်လာခဲ့လေပြီ။ မယားတကွဲ၊ သားတကွဲ၊ အိမ်မရှိ၊ ရာမရှိဖြစ်၍ အလုပ်တက်ချင်စိတ်ပင်မရှိဘဲဖြစ်လာ၏။ ကျွန်ုပ်၏ စိတ်အခြေအနေကို ယခုရေးသားဖော်ပြရာတွင် 'ဖြစ်မှဖြစ်ရလေ'ဟု ဆိုကြမည်ဖြစ်သော်လည်း ထိုအချိန်ကမူ မည်သူကမျှထူးခြားသည်မထင်။ ဖြစ်ရိုးဖြစ်စဉ်အတိုင်းဟူ၍သာထင်ကြရ၏။ တနင်္ဂနွေနေ့တစ်နေ့၌ ကျွန်ုပ်သည် မိတ်ဆွေတစ်ယောက်နှင့်အတူ စစ်ကိုင်းချောင်သို့ အလည်သွားရာမှ ဘိလိယက်ခုံသို့ရောက်သွားပြီး ဘိလိယက်ထိုးကြ၏။ ညတွင် ချောင်၌ အိပ်ပြီး တနင်္လာနေ့နံနက်တွင် ရုံးတက်ရန်ရှိလျက်နှင့် ဘိလိယက်ထိုးပြန်၏။ ကျွန်ုပ်၏ဘထွေးက သတင်းရ၍ လာခေါ်သော်လည်း မလိုက်ချေ။ ရုံးမှ ချာပရာစီတစ်ယောက်လွှတ်၍ ခေါ်ပြန်သော်လည်း မလိုက်ဘဲ ပေကတ်နေ၏။ ကျွန်ုပ်ကား အသက် ၂၅ နှစ်ရှိလေပြီ။ ဤအရွယ်တွင် ဤကဲ့သို့ပြုသူကား အတော်ရှားလိမ့်မည်ထင်သည်။ ဤနည်းအတိုင်း လေးငါးရက်ပေကတ်နေရာတွင် မင်းကြီးက ကျွန်ုပ်အား 'ရီမု' Remove လုပ်ဖို့ အမိန့်ချလိုက်၏။ Dismiss ဒစ္စမစ်မဟုတ်ချေ။ ခြားနားပုံကား ကျွန်ုပ်သည် အခြားဌာနတစ်ခုတွင် အမှုထမ်းနိုင်ခွင့်ရှိ၏။ ဒစ္စမစ်ဟူကား အစိုးရအလုပ်မှ ရာသက်ပန်ထုတ်ပယ်ခြင်းဖြစ်လေသည်။ ကျွန်ုပ်အကြောင်း နားစွန်နားဖျား ကြားရသူများက အစိုးရငွေမှုကြောင့် ဒစ္စမစ်လုပ်ခံရသည်ဟု ပြောကြ၏။ စင်စစ်မှာ ဒစ္စမစ်လည်းမဟုတ်၊ ငွေမှုလည်းမဟုတ်၊ အချိန်အားဖြင့်လည်း နှစ်နှစ်ခန့်ကွာသေးသည်။ (၁၉၅၂ ခုနှစ်၌ ပထမအကြိမ် ဘာသာပြန်ဆုရစဉ်က ကျွန်ုပ်သည် ဆုပေးပွဲအခမ်းအနားတွင် စာရေးဆရာဖြစ်လာရပုံအကြောင်းကို ဝန်ကြီးချုပ်ဦးနု့ရှေ့၌ ပြောပြသဖြင့် ပရိသတ် ပွဲကျခဲ့ဖူးသည်။) မိန်းကလေးတစ်ယောက်အား ချစ်ကြိုက်ကြောင်းပြောဖို့ ရက်တတ်သောကျွန်ုပ်သည် အလုပ်ပြုတ်ခံရခြင်းကို ရောမရိုသတ်ကြီးထဲ၌ ထုတ်ဖော်ပြောဖို့ မရက်တတ်ခြင်းမှာ လူဆန်းတစ်ယောက်ဟု ဆိုကြလိမ့်မည်ထင်သည်။

### ပထမကမ္ဘာစစ်

အလုပ်ပြုတ်လိုက်ကြောင်းကြားရ၍ စစ်ကိုင်းမြို့ ဘိလိယက်ခုံမှ ပြန်လာသောအခါ ကျွန်ုပ်၏စိတ်ထဲ၌ ဝမ်းနည်းခြင်းလည်းမရှိ၊ အားငယ်ခြင်းလည်းမရှိ၊ အမှုထမ်းသက်လေးနှစ်ကို နှမြောခြင်းလည်းမရှိ၊ နောင်ရေးအတွက် စိုးရိမ်ပူပန်ခြင်းလည်းမရှိ။ (ယုံမှ ယုံကြမည်လောမဆိုနိုင်) အရီးတစ်ယောက်က ပေးလိုက်သည့် ငွေကလေးသုံးလေးဆယ်မျှနှင့် (နမထံမှ အကူအညီမတောင်း။) ကျွန်ုပ်ယောက်ဖရှိသည့် တွံတေးမြို့သို့ ထွက်လာခဲ့၏။ (အစိုးရငွေများကို လောင်းကစားပစ်ခဲ့စဉ်ကလည်း ကျွန်ုပ်သည် မိဘများအားလည်းကောင်း၊ အတော်ကြွယ်ဝသော ကြီးတော်အားလည်းကောင်း အပူမကပ်ဘဲ ကိုယ်ပြုလျှင် ကိုယ်ခံမည်ဆိုကာ ဝန်ကြီးထံသို့ စာရေးခြင်းမှတစ်ပါး မည်သူ့အားမျှ ပြောမပြသဖြင့် မိဘများသည် သေသည့်တိုင်အောင် ဤအကြောင်းကို သိမသွားကြချေ။)

ဆက်လက်ဖော်ပြပါမည်။

## ကျွန်းစုမြို့နယ်၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ တားပြန်ကာကွယ်ဆေး တိုက်ကျွေးခြင်းဆောင်ရွက်

ကျွန်းစု ဖေဖော်ဝါရီ ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ တားပြန်ကာကွယ်ဆေး (Oral Cholera Vaccines–OCV) တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီလ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ တိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲမင်းဦး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ တားပြန်ကာကွယ်ဆေး (Oral Cholera Vaccines – OCV ) ကို သက်ဆိုင်ရာရုံးများ၌ တိုက်ကျွေးသည်။

ကျွန်းစုမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများရှိ ဒေသခံပြည်သူများအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ တားပြန်ကာကွယ်ဆေး တိုက်ကျွေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပို့ချလျက်ရှိကြောင်း၊ ကျွန်းစုမြို့နယ်၌ ပြီးခဲ့သည့်နှစ်အတွင်း ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ သံသယလူနာ ၁၁၃ ဦးနှင့် ပိုးတွေ့လူနာသုံးဦး တွေ့ရှိခဲ့ရာ ယခုနှစ်တွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားမှုများသောနေရာများ၌ လာမည့်မတ်လဒုတိယပတ်မှစ၍ အသက်တစ်နှစ်အထက်ကလေးနှင့် လူကြီး ၅၀၆၆၅ ဦးအား ကာကွယ်ဆေး (Oral Cholera Vaccines–OCV) တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကျေူနဝိသတိမအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (စီမံ) နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယ ဩဝါဒကထာအား စာမျက်နှာ (၁၀) တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာတော်၏လုပ်ငန်းများကို ဆရာဒကာ ညီညာလက်တွဲ အားခဲနှိုင်းချင့် ကျွန်းနှင့်ကိုင်းမှီ ရှေ့သွားညီအောင် ရည်ရွယ်ပံ့ပိုး ကြိုးစားဆောင်ရွက်လျက်ရှိသည့်အပြင် ဒကာ့တာဝန်ကျေပွန်ကြရ၊ နုဂ္ဂဟနှစ်ဖြာ၊ ဓမ္မာပစ္စယ၊ ကုသိုလ် အဝဝ ကိုလည်း၊ မဆုတ်မနစ်၊ အားအသစ်သစ်တို့ဖြင့် တိုးမြှင့်လှူဒါန်းလျက်ရှိကြောင်း၊ ပြည်သူပြည်သားအပေါင်း သူတော်ကောင်းတို့သည် သာသနာတော်မြတ်ကြီးအတွက် စေတနာ သုံးတန်ပြဋ္ဌာန်းလျက် ဆပွားထပ်ဆင့် ထောက်ပင့်ဝေဆာ ပူဇော်ကြမည်သာဖြစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာစရိယက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယက လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေး၊ ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ရပ်နားသည်။ ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

# (၁၄)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က လက်ခံရယူစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ကန်တော့ခံသက်ကြီးဂီတပညာရှင်များအား ကန်တော့ငွေနှင့်ကန်တော့ပစ္စည်းများပေးအပ်စဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ (၁၄)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ ဂီတအစည်းအရုံးဝင်များ၊ ကန်တော့ခံ သက်ကြီးဂီတပညာရှင်များနှင့် စာပေ၊ ရုပ်ရှင်၊ သဘင်မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အထွေထွေအတွင်းရေးမှူးကသက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၅၅ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယနေ့တွင် အလှူရှင်များက လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၄၁၆၉၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ယင်းနောက် သက်ကြီးဂီတပညာရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပူဇော်ကန်တော့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီး ဂီတပညာရှင်များအား ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကြပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော သက်ကြီးဂီတပညာရှင်များကို အလုပ်အမှုဆောင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် သက်ကြီးဂီတပညာရှင်များ၏ ကိုယ်စား ဂီတပညာရှင်ကြီး စည်သူ ဒေါ်တင်တင်မြက ဩဝါဒစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

◆ **ကျောဖုံးမှအဆက်**

တိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ အခုအခါ(၁၈)ကြိမ် ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး (၁၇)ကြိမ်အထိ ဆုံးဖြတ်ချက်(၅၈၉)ချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအထိ (၃)နှစ်နှင့် (၁)လတာ ကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၁၉၀၀၀ ကျော်ရှိပြီး ခန့်မှန်းတန်ဖိုးကျပ် ၄၅၈ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ သို့သော် အိမ်နီးချင်းကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်မှု ကွာခြားချက်စာရင်းများကို နှိုင်းယှဉ်ရာတွင် ဖမ်းဆီးရမိမှုပမာဏသည် လွန်စွာလျော့နည်းနေသေးသည်ကို တွေ့ရှိရသည့်အတွက် ပိုမိုတိုးတက်ဖမ်းဆီးနိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်တိုင်းဒေသကြီး/ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် မိမိတို့နယ်မြေအတွင်းတွင်ရှိသည့် လမ်းကြောင်းအသီးသီး၏ အခြေအနေအသေးစိတ်ကို သိရှိပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင်းများတွင် ပုံမှန်ဖမ်းဆီးမှုများ ဆောင်ရွက်သကဲ့သို့ ရှောင်တခင်စစ်ဆေးတားဆီးဖမ်းဆီးခြင်းများကို နေ့/ညမပြတ်ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး စနစ်တကျဆောင်ရွက်ပါက ဖမ်းဆီးရရှိမှု ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့အပြင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များသို့ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားရာတွင်လည်း **“လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကိုလည်း အဆင့်ဆင့်စိစစ်ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း၊ တရားမဝင် မော်တော်ဆိုင်ကယ်များကိုလည်း စိစစ်ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများတင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက်ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်သွားရန်”** လမ်းညွှန်မှာကြားထားပြီးဖြစ်၍သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များက အထူးအလေးထားလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း။




တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

**❖ တရားမဝင်ကုန်သွယ်မှုများသည် အကျင့်ပျက်ခြစားမှု၊ အကြမ်းဖက်မှု၊ ရာဇဝတ်မှုကျူးလွန်မှုနှင့် အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှုများကြောင့်လည်း မတည်မငြိမ်ဖြစ်မှုများအပါအဝင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အားနည်းချက်များဖြစ်ပေါ်စေကြောင်းကိုတွေ့ရှိရ . . .**

**❖ တရားမဝင်စီးပွားရေး၏ ဆိုးကျိုးများအနေဖြင့် ဒီမိုကရေစီကိုပျက်ပြားစေခြင်း၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေခြင်း၊ နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာထိခိုက်စေသည်ကိုတွေ့ရှိရ၊ ယင်းနှင့်ဆက်စပ်၍ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုများကိုတွေ့ရှိရ၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက်ပိုမိုဆောင်ရွက်ကြရမည်ဖြစ် . . .**

**❖ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို တင်းတင်းကျပ်ကျပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ MSMEs တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်လည်း အထောက်အကူပြုနိုင်မည်ကို သိရှိနားလည်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို တိုးမြှင့်ဆောင်ရွက်ကြစေလို . . .**

ယခုအစည်းအဝေးကျင်းပသည့် ကာလဖြစ်သည့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးက အများဆုံး၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ရန်ကုန်တိုင်းဒေသကြီးက တတိယအများဆုံးဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက ဒုတိယအများဆုံးနှင့် တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း ဖမ်းဆီးရမိမှုများကိုကြည့်ပါက ဒီဇင်ဘာလတွင် ငွေကျပ် ၄၄ ဒသမ ၁၈၃ ဘီလီယံနှင့် အများဆုံးဖမ်းဆီးရမိခဲ့သည်ကိုတွေ့ရပြီး နှစ်အလိုက်ဖမ်းဆီးရမိမှုများကို နှိုင်းယှဉ်ကြည့်ပါက ၂၀၂၂ ခုနှစ်တွင်ဖမ်းဆီးရမိမှုတန်ဖိုး ကျပ် (၆၅)ဘီလီယံ၊ ၂၀၂၃ ခုနှစ်တွင် ငွေကျပ် (၁၃၅)ဘီလီယံကျော် တိုးတက်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ငွေကျပ်(၂၂၃) ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးနိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး၏ ကြိုးစားအားထုတ်မှုဖြစ်သည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ သို့သော် မိမိတို့အိမ်နီးချင်းနိုင်ငံ၏ကုန်သွယ်မှု ပို့ကုန်၊ သွင်းကုန်ခြားနားချက်များကို ကြည့်မည်ဆိုပါက များစွာဖမ်းဆီးရန်လိုအပ်နေသေးကြောင်း၊ ပို့ကုန်၊ သွင်းကုန် တန်ဖိုးနှင့်ညီမျှသည့် ဖမ်းဆီးရမိမှုရှိစေရန်အတွက် သက်ဆိုင်ရာဝန်ထမ်းများက ယခုထက်ပိုမို ထိရောက်သည့်ဖမ်းဆီးမှုများ၊ တိကျသည့် အရေးယူမှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်မှထုတ်ပြန်သည့် ကိန်းဂဏန်းများကို သိရှိရန်လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် တစ်ကမ္ဘာလုံး၏ GDP ခန့်မှန်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀၅ ထရီလီယံရှိသည့်အနက် တရားမဝင် ကူးသန်းရောင်းဝယ်မှုနှင့် ငွေကြေးခဝါချမှုများက အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံအများဆုံးဆုံးရှုံးမှုဖြစ်သည်ကို ထုတ်ပြန်ထားရှိကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံ၊ လာဘ်ပေးလာဘ်ယူမှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁ ထရီလီယံ၊ မူးယစ်ဆေးဝါးကူးသန်းမှုတွင် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံကျော်၊ အတုပြုလုပ်မှုနှင့်ခိုးကူးမှုများတွင် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများတွင် အမေရိကန်ဒေါ်လာ ၂၅၈ ဘီလီယံ၊ လူကုန်ကူးမှုများတွင် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံတို့ဖြစ်သည်ကို ဖော်ပြထားချက်များအရ တွေ့ရှိရကြောင်း။

တရားမဝင် ကုန်သွယ်မှုများသည် အကျင့်ပျက်ခြစားမှု၊ အကြမ်းဖက်မှု၊ ရာဇဝတ်မှုကျူးလွန်မှုနှင့် အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှုများကြောင့်လည်း မတည်မငြိမ်ဖြစ်မှုများအပါအဝင်ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် အားနည်းချက်များ ဖြစ်ပေါ်စေကြောင်းကို တွေ့ရှိရကြောင်း၊ ဥပမာအားဖြင့် နယ်စပ်များတွင် လက်ရှိဖြစ်ပေါ်နေသည့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)ကိစ္စများနှင့် ဆက်နွှယ်၍ လောင်းကစားမှုများ၊ လူကုန်ကူးမှုများ၊ ရာဇဝတ်မှုများ၊ လက်နက်ကိုင်ဆောင်၍ ပစ်ခတ်မှုစသည်များသည် လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ထိခိုက်စေသည့်အတွက် သတိပြုရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက်ပိုမိုပြတ်ပြတ်သားသားဆောင်ရွက်ရန် လိုအပ်သည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် တရားမဝင်စီးပွားရေး၏ ဆိုးကျိုးများအနေဖြင့် ဒီမိုကရေစီကို ပျက်ပြားစေခြင်း၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေခြင်း၊ နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာထိခိုက်စေသည်ကို တွေ့ရှိရကြောင်း၊ ယင်းနှင့်ဆက်စပ်၍ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုများကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက်ပိုမိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားသည့်နယ်စပ်မျဉ်းတစ်လျှောက်တွင်ရှိသည့် တရားမဝင် ဝင်ထွက်ပေါက်များကို ထိန်းချုပ်ရန်ခက်ခဲကြောင်း၊ အလားတူ တရားမဝင် မှောင်ခိုရှောင်ကွင်းလမ်းများမှ ဝင်ရောက်လာမှုများလည်းရှိကြောင်း၊ ယင်းတို့ကို ပိတ်ဆို့ရန်မှာ အခက်အခဲများစွာရှိကြောင်း၊ သို့သော် ရှည်လျားသည့် နယ်စပ်တစ်လျှောက်မှ ဝင်ပေါက်များကို ထိန်းချုပ်နိုင်သည့် အဓိကကျသောလမ်းကြောင်း/နေရာများရှိကြောင်း၊ အဆိုပါနေရာများတွင် တာဝန်ကျနေသည့် ဝန်ထမ်းများ၏ သစ္စာရှိမှု၊ ရိုးသားမှု၊ ကိုယ်ချင်းစာမှုနှင့် နိုင်ငံ၏စီးပွားရေးကိုအထောက်အကူပြုမည်ဆိုသည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်မည်ဆိုပါက မည်သို့ပင် တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်ပါစေ ယခုထက်ပိုမိုဖမ်းဆီးဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ တရားမဝင်ကုန်ပစ္စည်းများအား နယ်စပ်ဂိတ်များမှတစ်ဆင့် တင်ပို့ခြင်းအပြင် နယ်စပ်ဂိတ်များအနီးရှိ ဂိုဒေါင်များတွင် သိမ်းဆည်း၍ ဖြန့်ချီခြင်းများလည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများကဖော်ထုတ်ဖမ်းဆီး၍ အရေးယူရန်လိုအပ်ကြောင်း။

တရားမဝင်ဝင်ရောက်နေသည့်ကုန်စည်များကြောင့် နိုင်ငံ၏အမျိုးသားကျန်းမာရေး၊ စီးပွားရေးနှင့် လူငယ်များ၏အနာဂတ်ရှင်သန်တိုးတက်ရေးများကို အထူးခြိမ်းခြောက်လျက်ရှိကြောင်း၊ တရားမဝင်တင်ပို့သူများသည် နိုင်ငံ၏သယံဇာတများကို ခိုးထုတ်ခြင်း၊ တင်သွင်းခြင်းတို့ကြောင့် ဂေဟစနစ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနေသည့် MSMEs လုပ်ငန်းကို ပြည်တွင်းလုပ်ငန်းရှင်များက အားသွန်ခွန်စိုက်ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများ၊ တရားမဝင် တင်သွင်းလာသည့် ကုန်ကြမ်းများ၊ အရည်အသွေးမကောင်းသည့်ပစ္စည်းများ တင်သွင်း၍ ဈေးကွက်ယှဉ်ပြိုင်လာပါက မိမိတို့ပြည်တွင်းလုပ်ငန်းရှင်များအားလုံးအနေဖြင့် မည်သို့မျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကိုတင်းတင်းကျပ်ကျပ်

**စာမျက်နှာ ၇ သို့** ◆

◆ **စာမျက်နှာ ၆ မှအဆက်**

ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ MSMEs တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်လည်း အထောက်အကူပြုနိုင်မည်ကို သိရှိနားလည်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို တိုးမြှင့်ဆောင်ရွက်ကြစေလိုကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးသည် မှောင်ခိုပစ္စည်းဖမ်းဆီးတားဆီးခြင်းထက် ပိုမိုကျယ်ပြန့်သည်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိကြသည့် တာဝန်ရှိသူများက သိရှိပြီး မိမိတို့၏ ဝန်ထမ်းများကို ဦးဆောင်စည်းရုံး၍ ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခွန်အကောက်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့်အတွက်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တတ်နိုင်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်ရေးအတွက် အခွန်အခများကို ပြည့်ပြည့်ဝဝ ပေးဆောင်ပြီး မှန်မှန်ကန်ကန် ကုန်သွယ်မှုပြုလုပ်ကြရန်လိုကြောင်း၊ ပြည်သူများအနေဖြင့်လည်း တရားမဝင် ကုန်သွယ်မှုများကို သိရှိသည့်အချိန်တွင် တာဝန်သိစိတ်နှင့် မှန်မှန်ကန်ကန်သတင်းပေးပို့နိုင်ရေး အသိပညာပေးစည်းရုံးခြင်းများကို ယခုထက်ပိုပြီးကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ကြရန်၊ ကုန်သွယ်မှုလမ်းကြောင်းများတွင် တားဆီးစစ်ဆေးခြင်းအပါအဝင်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် လုပ်ဆောင်နေခြင်းသည် မှန်မှန်ကန်ကန် ကုန်သွယ်မှုပြုလုပ်နေကြသည့်လုပ်ငန်းရှင်များ၊ နိုင်ငံအတွင်းရှိMSMEsများကို အကာအကွယ်ပေးရေး ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းဖြင့် ပူးပေါင်းပါဝင်ပေးကြရန် စည်းရုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်ရာတွင် မှန်ကန်သည့်သတင်းရရှိမှု၊ သတင်းလုံခြုံမှု၊ သတင်းပေးလူပုဂ္ဂိုလ်အတွက်လုံခြုံမှုသည်အရေးကြီးကြောင်း၊ ရရှိသည့် သတင်းအချက်အလက်ကို တည်ဆောက်ပြီး လုံခြုံရေးအတွက်စုဖွဲ့ကာ တညီတညွတ်တည်း စုပေါင်းဆောင်ရွက်မှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ တရားမဝင်တင်ပို့မှုများကို သတင်းပေးပို့သည့်အတွက် သတင်းပေးပို့သူနှင့် ဖမ်းဆီးသည့်သူများကိုပါ ခံစားခွင့်ရှိသည့် ငွေကြေးအကျိုးအမြတ်များကို ခွဲဝေဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မှန်ကန်သည့် သတင်းပေးပို့မှု အကြိမ်အရေအတွက် တိုးတက်လာမှုအပေါ် ပြည်သူများအားလုံး ထံသို့သိရှိစေရေး နိုင်ငံပိုင်သတင်းစာ၊ တီဗွီနှင့်အသံလွှင့်ဌာနများ၊ ပုဂ္ဂလိကသတင်းဌာနများမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများ ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် သတင်းပေးသူများ၏ လုံခြုံရေးကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်တွင်ရှိကြသည့်အဖွဲ့များက သတိပြု၍ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးကြစေလိုကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက်တွင် ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးဂိတ်များတွင် မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုများ မဖြစ်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး လိုအပ်သည့်စီမံခန့်ခွဲမှုများကို ကြိုတင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံ၏ပို့ကုန်တင်ပို့မှု မြင့်မားတိုးတက်စေရေးနှင့် MSMEs ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက တစ်ဖက်တစ်လမ်းမှ တရားမဝင်ပစ္စည်းများဖမ်းဆီးရေးကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းသည့်အတွက် အရည်အသွေးမရှိသည့် လူသုံးကုန်များ၊ ဆေးဝါးများ၊ စားသောက်ကုန်များသည် စားသုံးသူပြည်သူများကို ဘေးအန္တရာယ်ဖြစ်စေသည့်အတွက် စားသုံးသူများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရေးကိုလည်း ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ဘဏ္ဍာအခွန်ငွေ မဆုံးရှုံးစေရေးအတွက်လည်း ထိထိရောက်ရောက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ဦးဆောင်ကော်မတီအဖွဲ့ဝင်များအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်ရှိကြသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ပြည်သူများလည်း ပါဝင်လှုပ်ရှားဆောင်ရွက်ကြစေလိုကြောင်း၊ MSMEs ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေ မဆုံးရှုံးစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် ကော်မတီဝင်များကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်ရှိသည့် အထူးအဖွဲ့များနှင့်လက်တွဲ၍ ယခုထက် ပိုမိုတိုးတက်ဖမ်းဆီးရမိစေရန်နှင့် နိုင်ငံတော်နှင့်ပြည်သူအားလုံးကို အကျိုးမပြုသည့် တရားမဝင်ကုန်သွယ်မှုကို လုံးဝကင်းစင်ပပျောက်သည်အထိ မျှော်မှန်းကာ ပူးပေါင်းပါဝင်တိုက်ဖျက်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၅/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ တရားမဝင်ထိန်းချုပ်ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါး၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းဖမ်းဆီးရမိမှု၊ အဆိုပါ ဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ် မတ်လ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှသုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ၁၂ ရက်မှ ၁၈ ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ခြောက်ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# “လက်လီဆိုင်သေးတွေ၊ ကုန်စိမ်းဈေးတွေအထိပေးချေနိုင်ရေးဆောင်ရွက်ထားတဲ့အတွက် မြို့ပြမှာဘဏ်လုပ်ငန်းဝန်ဆောင်မှုမရရှိတဲ့ ကျေးလက်ဒေသအထိ နေရာ၊ ဒေသ၊ အလှူစုံ၊ နယ်ပယ်အစုံ၊ ဇရိယာအစုံ MMQR ကိုအသုံးပြုပြီး ယုံကြည်စိတ်ချစွာငွေပေးချေနိုင်မှာဖြစ်တဲ့အတွက် ငွေရေးကြေးရေးကဏ္ဍမှာ အလုံးစုံပါဝင်တဲ့စနစ်ကို ဖော်ဆောင်နိုင်မှာပဲဖြစ်ပါတယ်”

ဒေါ်ခိုင်ရွှေဝါ

မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုများအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၂၇ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၊ ကျောက်စိမ်းခန်းမ၌ကျင်းပပြီး MMQR စတင်သုံးစွဲရန် လိုအပ်သည့်အချက်အလက်များ၊ ဆောင်ရွက်မည့်အခြေအနေ၊ အသုံးပြုပုံနည်းလမ်းများနှင့် လုံခြုံစိတ်ချစွာငွေပေးချေနိုင်ရေးဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေရေးကြေးရေးဈေးကွက်၊ ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုဌာနကြီး ညွှန်ကြားရေးမှူးချုပ်ဒေါ်ခိုင်ရွှေဝါနှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-



ဒေါ်ခိုင်ရွှေဝါ




ဦးမြတ်မင်းထင်ကျော်




ဦးစိုးကိုကို



ဦးရဲမွန်မင်း




ဦးသီဟ

**မေး။ MMQRကို ဘယ်အဖွဲ့အစည်းက ဦးဆောင်ကြီးကြပ်ဆောင်ရွက်မယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** MMQR က မြန်မာနိုင်ငံရဲ့ National Standard အဖြစ်သတ်မှတ်ထားတဲ့ QR Code နဲ့ ငွေပေးချေမှုကို ထောက်ပံ့နိုင်တဲ့ Digital Payment Switch စနစ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကဦးဆောင်ကြီးကြပ်ပြီး System Operator အဖြစ် Payplus Co.,Ltd. က ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ MMQRစနစ်က ဘယ်လိုနည်းပညာ၊ စံသတ်မှတ်ချက်တွေကိုအခြေခံပြီး ဆောင်ရွက်ထားပါသလဲ။**

**ဖြေ။** မြန်မာနိုင်ငံရဲ့ MMQR Standard ကို အာဆီယံနိုင်ငံတွေနည်းတူ EMV-Co စံသတ်မှတ်ချက်စနစ်တွေနဲ့ တစ်ပြေးညီ သတ်မှတ်ထားပါတယ်။ MMQR စနစ်ဟာ ငွေလွှဲပြောင်းမှုတွေကို လျင်မြန်စွာဆောင်ရွက်နိုင်ပြီး အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်ရေးဆောင်ရွက်ထားတဲ့အတွက်ငွေကြေးအဖွဲ့အစည်းတွေက MMQR စနစ်ကိုချိတ်ဆက်အသုံးပြုပြီး အပြန်အလှန်ပေးချေမှုဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ အခု MMQR ကို စတင်အသုံးပြုနိုင်ပြီလားဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ပထမဦးဆုံးအနေနဲ့ MMQR အသုံးပြုပြီး ဈေးဝယ်သူက ကုန်သည်သို့(Customers to Merchant) ငွေပေးချေခြင်းကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အသုံးပြုသူအချင်းချင်း (Person to Person)ငွေလွှဲပြောင်းတာ၊ Transfer ပြုလုပ်တာ၊ ရေခွန်၊ မီတာဘေလို အခွန်ပေးဆောင်မှုတွေနဲ့ အခြားသောဝန်ဆောင်မှုတွေအတွက် ပေးချေခြင်းတွေအထိ MMQRရဲ့ ဝန်ဆောင်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ဖို့ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ MMQR က မြန်မာနိုင်ငံရဲ့ ငွေရေးကြေးရေးကဏ္ဍမှာအလုံးစုံပါဝင်မှုတိုးတက်အောင် ဘယ်လိုကူညီပေးမှာလဲ။**

**ဖြေ။** ဒစ်ဂျစ်တယ်ငွေကြေးသုံးစွဲရာမှာ ယခင်ကဘဏ်တွေအနေနဲ့ မိမိရဲ့ဝန်ဆောင်မှုအတွင်းမှာသာ အသုံးပြုကြတဲ့အတွက် ပေးချေနိုင်တာက အကန့်အသတ်ရှိနေပါတယ်။ အခု MMQR စနစ်ဟာ သီးခြားစီရှိနေတဲ့ မိုဘိုင်းငွေပေးချေမှုတွေကို အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်မှာဖြစ်လို့ သုံးစွဲသူတွေအနေနဲ့ Mobile Wallet တစ်ခုရှိရုံနဲ့ ဘယ်နေရာကိုမဆို ပေးချေနိုင်မှာဖြစ်ပြီး ဒစ်ဂျစ်တယ်ငွေပေးချေခြင်း သုံးစွဲမှုများပြားလာမှာဖြစ်ပါတယ်။ ဒါ့အပြင် လက်လီဆိုင်သေးတွေ၊ ကုန်စိမ်းဈေးတွေအထိပေးချေနိုင်ရေး ဆောင်ရွက်ထားတဲ့အတွက် မြို့ပြမှာဘဏ်လုပ်ငန်းဝန်ဆောင်မှုမရရှိတဲ့ ကျေးလက်ဒေသအထိ နေရာ၊ ဒေသ၊ အလှူစုံ၊ နယ်ပယ်အစုံ၊ ဇရိယာအစုံ MMQR ကို အသုံးပြုပြီး ယုံကြည်စိတ်ချစွာငွေပေးချေနိုင်မှာဖြစ်တဲ့အတွက် ငွေရေးကြေးရေးကဏ္ဍမှာ အလုံးစုံပါဝင်တဲ့ စနစ်ကို ဖော်ဆောင်နိုင်မှာပဲဖြစ်ပါတယ်။

**မေး။ MMQR စနစ်မှာ ဘဏ်ဘယ်နှခုပါဝင်မယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** MMQR ကို ကနဦးစတင်တဲ့အစီအစဉ်မှာ ပထမအဆင့်အနေနဲ့ AYA Pay၊ KBZ Pay၊ Wave Money၊ OK$၊ CB Pay၊ uabpay၊ A+Wallet၊ CTZ Pay၊ Yoma၊ Trusty၊ Zego နဲ့ Mpitesan တို့ပါဝင်မှာဖြစ်ပါတယ်။ မကြာခင်မှာ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ Mobile Wallet ဆောင်ရွက်တဲ့ဘဏ်နဲ့ ငွေပေးချေမှုအဖွဲ့အစည်းတွေ အားလုံးပါဝင်လာမှာ ဖြစ်ပါတယ်။

**မေး။ ငွေသားသုံးစွဲမှုထက် ဒစ်ဂျစ်တယ်ပေးချေမှုကို ဘာကြောင့်တွန်းအားပေးဆောင်ရွက်သင့်တာလဲ။**

**ဖြေ။** ငွေသားကိုင်တွယ်ခြင်းက အလွယ်တကူပျောက်ဆုံးနိုင်တယ်။ ခိုးယူခံရနိုင်တယ်၊ ပျက်စီးသွားနိုင်တယ်၊ သယ်ယူတာ၊ အပ်နှံတာအတွက် ကုန်ကျစရိတ်တွေရှိပါတယ်။ မှောင်ခိုဈေးကွက်နဲ့ အခြားတရားမဝင်လုပ်ဆောင်မှုတွေကိုလည်း ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင်ငွေကြေး လိမ်လည်မှု၊ မှုခင်းတွေဖြစ်ပေါ်လာရင် ငွေသားနဲ့ငွေပေးချေမှုက ခြေရာခံဖို့ခက်ခဲပါတယ်။ ငွေသားကနေ ကိုဗစ် -၁၉ လို ရောဂါပိုးမွှားတွေ ကူးစက်နိုင်ပါတယ်။ အခု အာဆီယံဒေသတွင်းက တိုးတက်နေတဲ့နိုင်ငံတွေမှာငွေသားအစား ဒစ်ဂျစ်တယ်ငွေပေးချေမှုတွေကို အသုံးပြုလာခြင်းအားဖြင့် နေ့စဉ်လူနေမှုဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်လာကြပါတယ်။ ဒါ့ကြောင့် နေ့စဉ်ဘဝမှာ အသုံးပြုရလွယ်ကူပြီး ပိုမိုမြန်ဆန်လုံခြုံစိတ်ချရတဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှု အသုံးပြုခြင်းကို တွန်းအားပေးဆောင်ရွက်သင့်ပါတယ်။

**မေး။ MMQR နဲ့ပတ်သက်ပြီး ရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းအစီအစဉ်ရှိရင် မျှဝေပေးစေချင်ပါတယ်။**

**ဖြေ။** MMQR ရဲ့ နောက်ထပ်အစီအစဉ်က ဈေးဝယ်သူမှကုန်သည်သို့ ပေးချေခြင်းစနစ် (Customers to Merchant)၊ အသုံးပြုသူအချင်းချင်း(Person to Person)နဲ့ အစိုးရဘေပေးချေခြင်းတွေအပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေနဲ့ အလှူစုံနယ်ပယ်အစုံမှာ MMQR အသုံးပြုပြီး ဒစ်ဂျယ်တယ်ငွေပေးချေမှုတွေ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ MMQR က နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေကို ဘယ်လိုအထောက်အပံ့ဖြစ်စေပါသလဲ။**

**ဖြေ။** နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ဖို့ အာဆီယံဒေသတွင်းနိုင်ငံတွေအချင်းချင်း ချိတ်ဆက်ပြီး QR အသုံးပြုပေးချေနိုင်ရေး ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ နယ်စပ်ဖြတ်ကျော်ချိတ်ဆက်မှုတွေပြီးရင်ဒေသတွင်းနိုင်ငံတွေမှာအသုံးပြုတဲ့ Mobile Wallet တွေဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်ချိတ်ဆက်ပြီး ငွေပေးချေနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာခရီးသွားတွေအတွက် ပိုမိုလွယ်ကူစေသလို E-Commerce Gateway တွေကတစ်ဆင့် ပြည်တွင်းပြည်ပကုန်ပစ္စည်းတွေ ဝယ်ယူနိုင်ပြီး ကုန်စည်စီးဆင်းမှုပိုမိုအဆင်ပြေချောမွေ့လာစေမှာ ဖြစ်ပါတယ်။

**မေး။ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုကို ဘယ်နိုင်ငံတွေမှာအသုံးပြုနိုင်မှာပါလဲ။**

**ဖြေ။** MMQR နဲ့ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေအတွက်အာဆီယံနိုင်ငံတွေနဲ့ ချိတ်ဆက်နိုင်ရေးဆောင်ရွက်နေပါတယ်။ လက်ရှိမှာ အိန္ဒိယ၊ မလေးရှား၊ ကမ္ဘောဒီးယားနဲ့ ထိုင်းနိုင်ငံတွေနဲ့ ချိတ်ဆက်ပြီး စတင်အသုံးပြုနိုင်ဖို့ ဆွေးနွေးလျက်ရှိပါတယ်၊ QR အသုံးပြုပေးချေမှုတွေမှာ အဓိကအားဖြင့် ဈေးဝယ်သူမှကုန်သည်သို့ ပေးချေခြင်းစနစ်(Customers to Merchant) ပေးချေမှုတွေအတွက် ဝန်ဆောင်ခကောက်ခံရာမှာ MDR အဖြစ်သတ်မှတ်ကောက်ခံပါတယ်။ အသုံးပြုသူ အချင်းချင်း(Person to Person) အတွက်လည်း ဝန်ဆောင်ခကို နှစ်နိုင်ငံ Switch တွေက ညှိနှိုင်းကောက်ခံလျက်ရှိပါတယ်၊ MMQR စနစ်မှာလည်း ချိတ်ဆက်ပြီးချိန်မှာ ဝန်ဆောင်ခနဲ့ ငွေလဲလှယ်နှုန်းကို နှစ်နိုင်ငံသက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းသတ်မှတ်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ငွေပေးချေမှုတွင်ကျယ်စေဖို့ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ငွေသားအသုံးပြုမှုက လုံးဝပျောက်ကွယ်သွားမှာမဟုတ်ပေမယ့် ဒစ်ဂျစ်တယ်ငွေပေးချေမှုပိုမိုအသုံးပြုလာစေဖို့ အသုံးပြုသူ Customer နဲ့ Merchant တွေကို MMQR အကြောင်း ပညာပေးဖို့မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ဘဏ်၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းတွေက Social Media Platform တွေ၊ Event တွေ၊ Merchants Seminar တွေနဲ့ Digital ပေးချေမှုတွေ အသုံးပြုနိုင်တဲ့ ဈေးပွဲတော်တွေ၊ Promotion ပွဲတွေ၊ Social Media Platform ကကြေညာတာတွေကို စဉ်ဆက်မပြတ်ပြုလုပ်သွားမှာဖြစ်ပါတယ်၊ အခုလို MMQR စတင်အသုံးပြုချိန်ကစပြီး Merchant အရေအတွက် ၃၀၀၀၀၀ နဲ့ Users အရေအတွက် ၃ ဒသမ ၈ သန်းကို တစ်နှစ် အတွင်းအသုံးပြုနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

**ဦးမြတ်မင်းထင်ကျော်**

**Deputy Chief Executive Officer – AYA Pay**

MMQRအသုံးပြုသူတွေအနေနဲ့ မိမိတို့ လက်ရှိသုံးနေတဲ့ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ သက်ဆိုင်ရာ Mobile Wallet တွေကနေ MMQR နဲ့ ငွေပေးချေမှုတွေကို လုပ်ဆောင်သွားရမှာဖြစ်ပြီး ဒီစနစ်ကြောင့် မတူညီတဲ့မိုဘိုင်းငွေပေးချေမှုအမျိုးမျိုးကို ပိုမိုလွယ်ကူမြန်ဆန်စွာ ပြုလုပ်နိုင်မှာဖြစ်ပါတယ်၊ MMQR အသုံးပြုသူ Consumer တွေနဲ့ Merchant တွေအတွက် Night Market Campaign တွေ၊ ပရိုမိုးရှင်းတွေ၊ Cash back အစီအစဉ်တွေ ဖန်တီးပေးဖို့ရှိပါတယ်။ MMQR အသုံးပြုခြင်းအတွက် မတူညီတဲ့ Mobile Payment တွေကို အပြန်အလှန်အသုံးပြုနိုင်ဖို့ Systemချိတ်ဆက်ရုံသာဖြစ်ပြီး Transactions အရေအတွက်၊ ပမာဏကန့်သတ်ချက်မရှိပေမယ့် လက်ရှိမိမိအသုံးပြုနေတဲ့ ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေက Mobile Wallet အသုံးပြုမှုအတွက် ချမှတ်ထားတဲ့ Transaction Limits သတ်မှတ်ချက်တွေကို လိုက်နာဖို့လိုအပ်ပါတယ်။

MMQRစနစ်က အသုံးပြုသူတွေရဲ့အချက်အလက်တွေကို ရယူသိမ်းဆည်းထားခြင်းမရှိပါဘူး။ Tokenization လို့ခေါ်တဲ့ စနစ်ကိုအသုံးပြုပြီး ငွေပေးချေမှုတွေကိုလုပ်ဆောင်နိုင်အောင်စီစဉ်ထားတာဖြစ်ပါတယ်၊ ဒါကြောင့်အသုံးပြုသူတွေအနေနဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေ ပေါက်ကြားမှာစိတ်ပူစရာမလိုပါဘူး။ လက်ရှိသုံးနေတဲ့ ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ မိုဘိုင်းပေးချေမှုစနစ်တွေမှာရှိတဲ့ အချက်အလက်တွေအတိုင်းပဲ ရှိနေမှာဖြစ်ပါတယ်။

**ဦးစိုးကိုကို**

**Managing Director ကမ္ဘောဇဘဏ်- KBZPay**

အရင်က KBZPay က KBZPay ရဲ့ QR ကိုသာ ဖတ်ရှုပေးချေရပြီး AYA Pay ကလည်း AYA Pay ရဲ့ QR ကိုသာဖတ်ရှုပေးချေရပါတယ်။ အခု MMQR အသုံးပြုမယ်ဆိုရင် KBZPay ရဲ့ QR ကို AYA Pay နဲ့ ပေးချေနိုင်မှာဖြစ်သလို Wave Money၊ uab Pay စတဲ့ အခြား Mobile Wallet အမျိုးမျိုးနဲ့လည်း ပေးချေနိုင်မှာဖြစ်ပါတယ်။ Customers to Merchant ငွေပေးချေမှုအတွက် ပေးချေရမယ့်

**စာမျက်နှာ ၉ သို့ ●**

● စာမျက်နှာ ၈ မှအဆက်

ငွေပမာဏကိုအသုံးပြုသူကရိုက်ထည့်ရတဲ့ Static QR နဲ့ QR ကို Scan ဖတ်လိုက်ရင် ပေးချေရမယ့်ငွေပမာဏကိုဖော်ပြပြီး သားဖြစ်တဲ့ Dynamic QR စတဲ့ QR နှစ်မျိုးစလုံးကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ MMQR ကို ပြည်တွင်းမှာသုံးစွဲတဲ့ငွေပေးချေမှုတွေကို QR အသုံးပြုပြီး အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်ဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ နောင်မှာ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေက ခရီးသွားတွေ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့အခါ QR နဲ့ လွယ်ကူစွာငွေပေးချေနိုင်မှာဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးနိုင်ပါတယ်။

**ဦးရဲမွန်မင်း**

**Chief Business Officer– Wave Money**

MMQR အသုံးပြုသူ Customer တွေအနေနဲ့ မိမိကြိုက်နှစ်သက်ရာ Mobile Wallet ကို အသုံးပြုပြီး ဘယ် Merchant ကိုမဆို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ငွေပေးချေနိုင်မှာဖြစ်တဲ့အတွက်ငွေသားကိုင်တွယ်သုံးစွဲမှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ Merchant တွေအနေနဲ့ ငွေလက်ခံရာမှာ ဘဏ်တွေ၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ QR Code များစွာထားဖို့မလိုအပ်တော့ဘဲ MMQR QR Code တစ်ခုတည်းနဲ့ ဘယ်လိုငွေပေးချေမှုမျိုးကိုမဆို လက်ခံနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းတွေရဲ့ ပေးချေမှုတွေကို လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပြီး အီလက်ထရောနစ်နည်းလမ်းနဲ့ ရောင်းဝယ်ရာမှာ လုံခြုံစိတ်ချလွယ်ကူလျင်မြန်စွာ ပေးချေနိုင်မှာဖြစ်ပါတယ်။

Merchant တွေအနေနဲ့ MMQR ကို စတင်အသုံးပြုမယ်ဆိုရင် အသုံးပြုနေတဲ့သို့မဟုတ် အသုံးပြုချင်တဲ့ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေကို အရင်ဆုံး ဆက်သွယ်ဖို့ လိုအပ်ပါမယ်။ ပြီးရင် သက်ဆိုင်ရာဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းက MMQR Merchant အဖြစ်ပြောင်းလဲဖို့ Onboarding Process လုပ်ငန်းစဉ် အဆင့်ဆင့်ကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဦးသီဟ**

**Deputy Manager – Internet Wallet Myanmar Ltd, OK$**

Customer တွေအနေနဲ့ အရောင်းဆိုင် Merchant တွေမှာထားရှိတဲ့ MMQR ကို မိမိအသုံးပြုတဲ့ Mobile Wallet တစ်ခုနဲ့ Scan ဖတ်ပြီး လွယ်လွယ်ကူကူနဲ့ လုံခြုံလျင်မြန်စွာငွေပေးချေနိုင်မှာဖြစ်ပါတယ်။ မိုဘိုင်းဖုန်းနဲ့ Certified MMQR Mobile Wallet ရှိသူတိုင်း အင်တာနက်ရရှိတဲ့နေရာဒေသ၊ အချိန်အခါမရွေးအသုံးပြုနိုင်မှာဖြစ်ပြီး ငွေပေးချေမှုတွေဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ နိုင်ငံခြားသားတွေအနေနဲ့ ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ Certified MMQR Mobile Wallet ရှိရင် MMQR ကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။

MMQR အသုံးပြုပြီး ငွေပေးချေရာမှာ ဝန်ဆောင်မှုမပြတ်တောက်စေဖို့ backup server တွေ၊ နည်းပညာပံ့ပိုးမှုအဖွဲ့တွေကို အဆင်သင့်ထားရှိပြီး backup system တွေလည်း ပြင်ဆင်ထားရှိတဲ့အတွက် သုံးစွဲမှုများပြားတဲ့အချိန်မှာတောင် ကြန့်ကြာမှုမရှိနိုင်ပါဘူး။ MMQR နဲ့ ငွေပေးချေရာမှာ အသုံးပြုသူ Customer ဘက်က ကျသင့်ငွေဖြတ်သွားပြီး Merchant က ငွေလက်ခံရရှိမှုမရှိခဲ့ရင် ဖြေရှင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ အသုံးပြုသူ Customer တွေအနေနဲ့လည်း ငွေပေးချေရာမှာ အမှားအယွင်းမရှိစေဖို့ စိစစ်လုပ်ဆောင်မှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း–ဝင်းဝင်း**

**ဓာတ်ပုံ – ရွှေကိုလေး**

# ကောင်းခြင်းဝေဆာပြည်မြန်မာ

❀ ဂိမှာန်နွေဦး၊ ရွက်ဖူးငယ်သီ၊
ချိန်တန်ခညောင်း၊ ရွက်ဟောင်းကြွေလေပြီ၊
ပင်ယံထက်ဆီ၊ ပြိုင်ညီတွန်ကြ။
ဥဩသံသာ၊ ရွှန်းဝေဖြာ
တင့်ကာကြည်နူး လှသည်နှင့်လေး။

❀ နွေရိပ်ပုံပြ၊ မြေခလက်ပံတွေ၊
ပွင့်ဖတ်နီရဲ၊ ပြန့်ကျဲလွင့်စဉ်ကြွေ၊
မျိုးချစ်သွေးတွေ၊ ရဲပေစွမ်းထက်။
ဖက်ဆစ်တော်လှန်၊ အောင်ပွဲခံ
ပြည့်ရန်ရှင်းကာ သွက်သည်နှင့်လေး။

❀ နိုင်ငံ့အတွက်၊ ထမ်းလျက်တာဝန်တွေ၊
တိုင်းပြည်ခက်ခဲ၊ အမြဲကူညီနေ၊
မျိုးချစ်စိတ်တွေ၊ ရှိနေရဲသွေး။
တိုင်းပြည်တွက်ဆို၊ အမြဲလို
ကြိုးဆိုတည့်မတ် ပေးသည်နှင့်လေး။

❀ တိုင်းပြည်ချမ်းအေး၊ မနှေးသယ်ပိုးဆောင်၊
ပြည်သူ့အကျိုး၊ မျှော်ကိုးစစ်သည်မောင်၊
တိုက်ပွဲတိုင်းအောင်၊ စွမ်းဆောင်ကြိုးစား။
ငြိမ်းချမ်းစေရန်၊ မြဲရည်သန်
မှုမှန်စိတ်ကောင်း ပွားသည်နှင့်လေး။

❀ ညီမျှစွမ်းအား၊ တွဲထားလက်မြဲပိုင်၊
ချစ်ကြည်မခွဲ၊ အမြဲစုစည်းခိုင်၊
မျိုးချစ်စိတ်လှိုင်၊ ပျံ့ကြိုင်ဂုဏ်သင်း။
ကမ္ဘာပေါ်မှာ၊ တို့မြန်မာ
ထည်ဝါထင်ပေါ် လင်းသည်နှင့်လေး။

❀ ကြောင်းရင်းသွေးချာ စည်လျှံဖြာ
ညီညာ ကြတော့သည်။
ကောင်းခြင်းဝေဆာ ပြည်မြန်မာ
စည်ဖြာ လှတော့မည်။ ။

**ထာဝရမွန်(ဂုဏ်ထူးတန်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၂၅(သောကြာနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။ ၀၈:၀၀ | စိုက်ပျိုးသုတ |
| ၃။ ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ ၁၀:၀၀ | သီချင်းလက်ဆောင် |
| ၅။ ၁၁:၀၀ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၆။ ၁၂:၀၀ | မြန်မာ့ရှုခင်း |
| ၇။ ၁၃:၀၀ | သာယာသီကြွေး<br>ခေတ်ဆန်းတေး |
| ၈။ ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၁။ ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း<br>အနှစ်စံစစ်မှန်သောအဖြေ<br>သရုပ်ဆောင် ရန်အောင်၊ လွင်မိုး၊<br>မေသန်းနု<br>( ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုး)** |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့်သာရဏီယသြဝါဒကထာ

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဤအစည်းအဝေးသည် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကေူနဝီသတိမ အစည်းအဝေးဖြစ်၍ အဋ္ဌမအကြိမ်(၆)နှစ်သက်တမ်းပြည့်ပြီးသည့်အားလျော်စွာ အချို့သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များအတွက် နောက်ဆုံးအစည်းအဝေးဖြစ်ပါသည်ဘုရား။ လစ်လပ်သွားမည့် ဆရာတော်များနေရာတို့အတွက် အစားထိုးရွေးချယ်ခြင်းများကိုလည်း သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံး လုပ်နည်းများ၊ လုပ်ငန်းစီမံချက်များနှင့်အညီ ဆောင်ရွက်တော်မူကြရမည်ဖြစ်ပါသည်ဘုရား။

ထိုသို့ အစားထိုးရွေးချယ်ခြင်းများကို ဆောင်ရွက်တော်မူကြရာ၌ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ဗျတ္တ၊ ပဋိဗလဖြစ်သော ဆရာတော်များကို ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းမျဉ်းလုပ်ထုံးလုပ်နည်း၊ စီမံချက်များနှင့်အညီ ရွေးချယ်တော်မူကြရန် အထူးလျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ကြမည့်ဆရာတော်တို့အနေဖြင့်သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် ဗျတ္တ၊ ပဋိဗလ ပုဂ္ဂိုလ်များဖြစ်ကြရမည့်အပြင် သံဃာ့အဖွဲ့အစည်းတို့သည်လည်း နိုင်ငံတော်တစ်ဝန်းလုံးရှိရဟန်းရှင်လူအားလုံးတို့၏ ယုံကြည်ကိုးစား အားထားရာအဖွဲ့အစည်းများဖြစ်ရန် လိုအပ်ပါသည်ဘုရား။ သို့မှသာ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် မြန်မာပြည်မှသာမက ကမ္ဘာအရပ်ရပ်သို့တိုင် သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ မဟာဝဂ်၊ ဥပေါသထသုတ်လာ သာသနာတော်၏ အံ့ဖွယ်တော်ရှစ်ဖြာကို အကျဉ်းချုပ်လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဝိသာခါကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းသည့် ပုဗ္ဗာရုံကျောင်း၌ ဥပုသ်နေ့တွင် ရဟန်းသံဃာတော်များခြံရံလျက် သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ အရှင်အာနန္ဒာက “အရှင်ဘုရားသာယာဖွယ်ညချမ်း၏ ပထမယာမ်အချိန်တွင် ရဟန်းအပေါင်းလည်း အချိန်ကြာမြင့်စွာသီတင်းသုံးလျက်ရှိပါပြီ၊ ပါတိမောက်ပြတော်မူပါဘုရား” ဟု လျှောက်ထားလေရာ ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူပါသည်။ ညဉ့်၏ဒုတိယယာမ်တွင်လျှောက်ထားသော်လည်း ဆိတ်ဆိတ်နေတော်မူမြဲနေတော်မူပါသည်။ တတိယယာမ်တွင် အရှင်အာနန္ဒာက ထပ်မံလျှောက်ထားသောအခါတွင်မူ “အပရိသုဒ္ဓါ အာနန္ဒ ပရိသာ၊ အာနန္ဒာ ပရိသတ်သည်



မစင်ကြယ် ” ဟုသာ မိန့်တော်မူခဲ့ပါသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က ရဟန်းတော်အပေါင်းတွင်ရောနှောပါဝင်လျက်ရှိသော ဒုဿီလပုဂ္ဂိုလ်ကို “ ငါ့ရှင် သံဃာအတွင်းမှထွက်ခွာသွားပါ။ ငါ့ရှင်အဖြစ်ကို ဘုရားရှင်မြတ်သိတော်မူ၏။ သင့်တွင် ရဟန်းအပေါင်းနှင့်ဆက်ဆံခွင့်မရှိ” ဟု ပြောဆိုနှင်ထုတ်တော်မူသည်။ ထိုသို့ ပြောဆိုပါသော်လည်း ဒုဿီလရဟန်းသည် ထွက်ခွာခြင်းမရှိ၊ ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ် (၃)ကြိမ်တိုင်တိုင် ထွက်ခွာရန်ပြောဆိုနှင်ထုတ်ပါသော်လည်း ထွက်ခွာခြင်းမရှိသည့်အတွက် ထိုဒုဿီလကို လက်မောင်းမှဆွဲ၍ တံခါးအပြင်ဘက်ထုတ်ကာ တံခါးကိုပြန်ပိတ်တော်မူရပါသည်၊ ထို့နောက် ဘုရားရှင်ထံ ဒုဿီလပုဂ္ဂိုလ်ကို နှင်ထုတ်အပ်ပြီးကြောင်း လျှောက်ထားရာ ဘုရားရှင်က “ဆွဲထုတ်မှထွက်သွားရသလား၊ မောဂ္ဂလ္လာန်ရယ် ” ဟု သံဝေဂဖြင့် မိန့်ကြားတော်မူခဲ့ပါသည်ဘုရား။

ဤအကြိမ်မှစတင်ကာ ဘုရားရှင်ကိုယ်တော်တိုင် ဥပုသ်နေ့ပါတိမောက်ရွတ်ဆိုဥပုသ်ပြုခြင်းမှ ရပ်နားတော်မူ၍ ရဟန်းတော်တို့ကိုသာ ဥပုသ်ပြုစေတော်မူခဲ့ပါသည်။ ဤအဖြစ်အပျက်ကို ရည်ညွှန်းတော်မူ၍ မဟာသမုဒ္ဒရာ၏ အံ့ဖွယ်တော်ရှစ်ပါးနှင့် သာသနာတော်၏ အံ့ဖွယ်တော်ရှစ်ပါးကို နှီးနှောဟောပြတော်မူခဲ့ပါသည်ဘုရား။

မဟာသမုဒ္ဒရာ၏ အံ့ဖွယ်ရှစ်ပါးကို “အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံ့ဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ငန်မျိုးရသာ၊ များရတနာနှင့်၊ ကြီးသူနေရာ၊ ဤရှစ်ဖြာသည်၊ မဟာသမုဒ္ဒရာ အံ့ဖွယ်တည်း” ဟူသော လင်္ကာဖြင့် အကျဉ်းမှတ်သားနိုင်ပါသည်ဘုရား။

**“ အစဉ်နက်ဝှမ်း”** ဟူသည် မဟာသမုဒ္ဒရာ၏ ရေပြင်သည် ကမ်းမှစ၍ တဖြည်းဖြည်းနက်ရှိုင်းသွားရသည်။ ကမ်းအစ၌ နက်ရှိုင်းရိုးမရှိ။ ထို့အတူ ဘုရားရှင်၏ သာသနာအဆုံးအမအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်သူသည် အစဉ်အတိုင်းကျင့်စဉ်တို့ကို ကျင့်ရသည်။ တစ်ခါတည်း အရဟတ္တဖိုလ်သို့ တက်လှမ်းနိုင်မည်မဟုတ်ပါ။

**“ကမ်းကိုမလွန်”** ဟူရာ၌ မဟာသမုဒ္ဒရာရေတို့သည် ကမ်းကိုမလွန်မူ၍ တည်ရှိသကဲ့သို့ ဘုရားရှင်၏ တပည့်သား သာဝကတို့သည် ဘုရားရှင်ပညတ်တော်မူသည့် သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းမပြုကြကုန်။

**“ရွံ့ဖွယ်ဆယ်ပစ်”** ဟူသည် မဟာသမုဒ္ဒရာအတွင်း ရွံ့ရှာဖွယ် သူသေအလောင်းတို့ကို သမုဒ္ဒရာသည် ကြာရှည်စွာလက်မခံ၊ ကမ်းပေါ်သို့ အလျင်အမြန်ပြန်ပို့သကဲ့သို့ ဘုရားရှင်၏ သာသနာတော်ဝယ် သီလမရှိ ယုတ်မာသောအကျင့်ရှိသူ၊ ရဟန်းမဟုတ်သူတို့ကို ရဟန်းတော်အပေါင်းက အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ အဖြစ် ပေါင်းသင်းဆက်ဆံခြင်းမပြု၊ အလျင်အမြန် ဖယ်ရှားသုတ်သင်နှင်ထုတ်ပစ်၏။

**“တစ်မည်ဖြစ်ခြင်း”** ဟူသည် ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ ဟူသော မြစ်ကြီးငါးသွယ်တို့သည် မဟာသမုဒ္ဒရာသို့ စီးဝင်ပြီးသောအခါ မိမိတို့၏ အမည်ဖြစ်သော မြစ်အမည်တို့ကင်းပျောက်၍ မဟာသမုဒ္ဒရာဟူသော အမည်တစ်မျိုးကိုသာ ခံယူကြရလေသည်။ ထိုနည်းတူစွာ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ လူဆင်းရဲမျိုးဟူသော အမျိုးလေးပါးတို့သည် ဘုရားရှင်၏ ဗြဟ္မစရိယသာသနာတော်သို့ ဝင်ရောက်၍ ရှင်ရဟန်းအဖြစ်ဖြင့် ခံယူကျင့်သုံးကြပါက မိမိတို့၏ မူရင်းအမျိုးအနွယ်အမည်တို့ ကွယ်ပျောက်ကြကာ သာကီမျိုးရိုး ဘုရားသားတော်ရဟန်းများ အမည်ကိုသာ ခံယူကြရပါသည်။

**“ မယွင်းမတိုး”** ဟူသည် အရပ်မျက်နှာအသီးသီးမှ မြစ်များသည် သမုဒ္ဒရာသို့စီးဆင်းကြ၏။ ကောင်းကင်အရပ်မှ မိုးရေအလျဉ်များရွာချ၏။ ထိုစီးဝင်ကြသော ရေ၊ ရွာချကြသော မိုးရေတို့ကြောင့် မဟာသမုဒ္ဒရာအတွက် ရေနည်းပါးယုတ်လျော့သွားခြင်း၊ ရေများတိုးပွားများပြားလာခြင်းမဖြစ်သကဲ့သို့ များလှစွာသော ဘုရားရှင်၏တပည့်သား သာဝကတို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရ၍ ပရိနိဗ္ဗာန်ပြုကြသော်လည်း အငြိမ်းဓာတ် နိဗ္ဗာနသုခအရပ်၌ ယုတ်လျော့သွားသည်၊ တိုးပွားလာသည်ဟု မထင်နိုင်ပါ။

**“ငန်မျိုးရသာ”** ဟူသည် ကျယ်ပြောလှသည့် မဟာသမုဒ္ဒရာသည် အငန်ဓာတ် ဆားအရသာတစ်ခုတည်းရှိသကဲ့သို့ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တို့ဖြင့် အကျယ်တဝင့် မိန့်ကြားခဲ့သော ဘုရားရှင်၏ အဆုံးအမသာသနာသည် သံသရာဝဋ်မှ လွတ်မြောက်ခြင်းရသတစ်ခုသာရှိပါသည်ဟု ဆိုလိုပါသည်ဘုရား။

**“ များရတနာနှင့်”** ဟူသည် မဟာသမုဒ္ဒရာ၌ ပုလဲ၊ ပတ္တမြား စသော(၁၀)ပါးသော ရတနာတို့ရှိသကဲ့သို့ ဘုရားရှင်၏သာသနာတွင် သတိပဋ္ဌာန် (၄)ပါး၊ သမ္မပ္ပဓာန် (၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါး စသောမြောက်မြားလှစွာသော ရတနာတို့ရှိကြပါသည်ဘုရား။

**“ကြီးသူနေရာ”** ဟူသည် မဟာသမုဒ္ဒရာသည် ယူဇနာတစ်ရာ့နှစ်ဆယ် စသည်ပမာဏရှိသော တိမိ၊ တိမိင်္ဂလ စသော သတ္တဝါကြီးတို့၏ ပျော်စံရာနေရာဖြစ်သကဲ့သို့ ဘုရားရှင်၏သာသနာတော်သည်လည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်ရန် ကျင့်ကြံနေကြသော ပုဂ္ဂိုလ်များသာမွေ့လျော်နိုင်သောနေရာဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဘုရားတပည့်တော်လျှောက်ထားလိုသည်မှာ အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံသည့် ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို အစဉ်တစိုက်အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံစေရန် ထိန်းသိမ်းရမည်မှာ ဘုရားရှင်၏တပည့်သာဝကများ၏ တာဝန်သာဖြစ်ပါသည်ဘုရား။ သုံးခုမြောက်အံ့ဖွယ်ဖြစ်သည့် ဒုဿီလအညစ်အကြေးများကို သာသနာတော်အတွင်းမှ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် အရှင်မဟာမောဂ္ဂလ္လာန်ကဲ့သို့ သာသနာတော်အပေါ် တာဝန်ကျေသည့် ဗျတ္တ၊ ပဋိဗလပုဂ္ဂိုလ်များ များစွာလိုအပ်ပါသည်ဘုရား။ လေးခုမြောက်အံ့ဖွယ်ဖြစ်သည့် မည်သည့်အမျိုးအနွယ်က ရဟန်းပြုခဲ့သည်ဖြစ်စေ၊ သာကီမျိုးသာကီနွယ် ဘုရားသားတော် ရဟန်းတော်များဟုသာ အမည်ခံရမည်ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့ခေတ်တွင်မူ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှဖြစ်စေ၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းတွင် တရားဝင်ခွင့်ပြုထားသည့် ဂိုဏ်းကြီး(၉)ဂိုဏ်းမှဖြစ်စေ တိုင်းအလိုက်၊ ဂိုဏ်းအလိုက် မခွဲခြားမူ၍ ဘုရားသားတော်ရဟန်းတော်များအဖြစ် ညီတော်နောင်တော်များတော်စပ်ကြသည်ဖြစ်ရာ ညီညီညွတ်ညွတ် သမဂ္ဂ သမ္မောဒမာနဖြစ်ကြ၍ သာသနာတော်ကြီးသန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

ခြောက်ခုမြောက် အံ့ဖွယ်ဖြစ်သည့် မြတ်စွာဘုရားရှင်၏ ဒေသနာများသည် ဝေနေယျနွှာသယအားလျော်စွာ မည်သို့ပင် အကျယ်ဟောကြားထားသော်လည်း တစ်ခုတည်းသောရသအဖြစ် ဝိမုတ္တိရသသာဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့ ဘုရားသားတော်ညီတော်နောင်တော်တို့အနေဖြင့် အံ့ဖွယ်တော်ရှစ်ဖြာနှင့် ပြည့်စုံတော်မူသည့် သာသနာတော်မြတ်ကြီးကို ကာကွယ်စောင့်ရှောက်ရန် အရေးကြီးသော တာဝန်တစ်ရပ်မှာ ယင်းဝိမုတ္တိရသကိုရရှိရန် အားထုတ်နိုင်ရေးပင်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့အနေဖြင့် အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံတော်မူသော ဘုရားရှင်၏ သာသနာတော်မြတ်ကြီးသန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ညီညီညွတ်ညွတ် ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေး မြတ်ဗုဒ္ဓ၏ အံ့ဖွယ်ရှစ်ဖြာသာသနာတော်လာအင်္ဂါရပ်တို့ကို ပွားများဆင်ခြင်နှလုံးထားတော်မူကြ၍ ဝိမုတ္တိရသနှင့်ကိုယ်တိုင်လည်းပြည့်စုံအောင်၊ အခြားဘုရားသားတော်တပည့်များ၊ ဒါယကာ၊ ဒါယိကာမများကိုလည်း ပြည့်စုံအောင် ကြိုးစားအားထုတ်တိုက်တွန်းပေးတော်မူကြပါဟုလျှောက်ထားလျက် တပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမွတ်အဆုံးသတ်အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့ဘုရား။

## ထူးခြားသည့် ညအပူချိန်များ

၂၇-၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ပြင်ဦးလွင် | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၁၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ဖွင့်လှစ်



ပုသိမ် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်မြတ်ကြီး၏ တောင်ခြေရှိ မင်္ဂလာမုခ်ဦးတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ဖွင့်လှစ်သည်။

ဦးစွာ မြတ်မော်တင်ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇာတ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က မင်္ဂလာမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်း၍ အကအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး သစ်သီးဆွမ်း၊ ဆီမီး၊ ရေချမ်း၊ ပန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ အမှူးပြုသော ဆရာတော်အရှင်သူမြတ်များက မဟာမကုဋရုံသီ ဆံတော်ရှင်မြတ် မော်တင်စေတီတော်မြတ်ကြီးရင်ပြင်တော်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာဆင်ယင်ကျင်းပတော်မူကြသည်။

ယင်းနောက် ဘဒ္ဒန္တဝိသုတထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များအား နာယူကြည်ညိုကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူအသီးသီးနှင့် အလှူရှင်များက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မိသားစု၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက်ဘဒ္ဒန္တဝိသုတထံမှနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များသည် အနုမောဒနာတရားများနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည်မြတ်မော်တင်စွန်းစေတီတော်ကုန်းမြေကျောက်စီလှိုင်းကာလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းသား၊ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားများပြောကြား၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ဟိုင်းကြီးကျွန်းမြို့အခြေခံပညာအထက်တန်းကျောင်းတွင် စဉ်ဆက်ပညာရေးလုပ်ငန်းအဖြစ် ကျေးလက်နေတိုင်းရင်းသားပြည်သူများအား စာပေသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး စာသင်သားများ၏သင်ကြားမှုများအပေါ် နားလည်သဘောပေါက်မှုများကို ဆွေးနွေးပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဟိုင်းကြီးကျွန်းမြို့အဝင်ရေလမ်းကောင်းမွန်ရေးလုပ်ငန်းအားကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဟိုင်းကြီးချောင်းအဝတွင် နုန်းအနည်အနှစ်များကျရောက်ခြင်းမှ ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည့် နုန်းတားကျောက်စီလှိုင်းကာ အလျား ပေ ၅၅၀ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားသည်။

အဆိုပါ နုန်းတားကျောက်စီလှိုင်းကာ တည်ဆောက်ပေးခြင်းအားဖြင့် ဟိုင်းကြီးချောင်းအဝတွင် အနည်ကျရောက်မှုကို တားဆီးပေးနိုင်မည့်အပြင် ဟိုင်းကြီးချောင်းအတွင်းရေစီးရေလာပိုမိုကောင်းမွန်လာပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းစွာ ဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

---

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလူဦးရေရန် ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့အကြား ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

---

# စိုက်ပျိုးရေး လူငယ်စွန့်ဦးပညာရှင်များက အသုံးချသုတေသန စာတမ်းအစောင် ၇၀ တင်သွင်းဖတ်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**“စိုက်ပျိုးကဏ္ဍတိုးတက်ဖို့ ဘက်ပေါင်းစုံမှကြိုးစားစို့”** ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာန၏ (၇)ကြိမ်မြောက် စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပြီး ယနေ့တွင် စာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲကို နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အမှတ်ပေးဒိုင်များ၊ စာတမ်းရှင် လူငယ်စွန့်ဦးပညာရှင်များ တက်ရောက်ကြပြီး လေ့လာသူ ၅၀၀ ကျော်က အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အကောင်းဆုံးစာတမ်းဆုရွေးချယ်မှုအတွက် သတ်မှတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက တက်သစ်စ လူငယ်ပညာရှင် စာတမ်းရှင်များနှင့် အတွေ့အကြုံကောင်းရှိသည့် ပညာရှင် စာတမ်းရှင်များ၏ အကောင်းဆုံးစာတမ်းဆု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။


ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မတူညီသော ရေမြေရာသီဥတု သီးနှံမျိုးများနှင့် စိုက်စနစ်များ အတွေ့အကြုံများကို တစ်နေရာတည်းတွင် စုံစုံလင်လင်လေ့လာခွင့်၊ ဆွေးနွေးခွင့်၊ အမြင်ချင်းဖလှယ်နိုင်နှောခွင့်ရရှိကြသဖြင့် စာတမ်းတင်သွင်းသူ လေ့လာသူအားလုံး အကျိုးများစေကြောင်း၊ စာတမ်းအတွက် ကြိုတင်ပြင်ဆင်လေ့လာမှုများမှ လက်တွေ့အချက်အလက်များသည် ဆက်လက်ဆောင်ရွက်မည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အထောက်အကူပြုစေမည်ဖြစ်၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ကောင်းမွန်သော စာတမ်းများတင်သွင်းနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ (၇)ကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စာတမ်း ၄၁ စောင်နှင့် ရုံးချုပ်ဌာနခွဲများမှ စာတမ်း ၂၉ စောင် စုစုပေါင်း အသုံးချသုတေသနစာတမ်းအစောင် ၇၀ တင်သွင်းဖတ်ကြားခဲ့ကြပြီး အမှတ်ပေးဒိုင်များအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးပညာရှင်များက အလှည့်ကျတာဝန်ယူ၍ အကဲဖြတ်အမှတ်ပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



# တရုတ်နိုင်ငံ ပေကျင်းဟုန်ဖန်းရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်မှ Mr. Zhou Xiaofeng ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား လာရောက်တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား ပေကျင်းဟုန်ဖန်းရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်မှ Mr. Zhou Xiaofeng ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပေကျင်းဟုန်ဖန်းရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် ခေတ်မီဆေးဘက်ဆိုင်ရာနှင့် ဆေးရုံသုံးပစ္စည်းများ၊ ရောဂါရှာဖွေရေးကိရိယာများ၊ စက်ပစ္စည်းများ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့်ကိရိယာများအား ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ချိနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား လက်ရှိ ပူးပေါင်းဆောင်ရွက်နေသည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးရုံများ အချင်းချင်းဆေးကုသမှုလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ တရုတ်နိုင်ငံမှထုတ်လုပ်သည့် ခေတ်မီ ဆေးဘက်ဆိုင်ရာနှင့် ဆေးရုံသုံးပစ္စည်း များအား မြန်မာနိုင်ငံတွင် မိတ်ဆက်ပြသနိုင်ရေးကိစ္စရပ်များ အစရှိသည်တို့ကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ်များ၊ ပေကျင်းဟုန်ဖန်းရင်းနှီးမြှုပ်နှံမှုကုမ္ပဏီမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီး ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူးမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူးမားအား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူးမား အာရာချ် ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူးမားအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံ အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကောင်စစ်ရေးရာကိစ္စရပ် များအပါအဝင် ကဏ္ဍစုံတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

(သတင်းစဉ်)



# မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ် ၆၆၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်

မအူပင် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး မအူပင် မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ တွင် ငရုတ် ၆၆၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မအူပင်မြို့နယ်၌ ငရုတ် ၆၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမပတ်က စတင် စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားဧက အားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။ အဆိုပါလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက် ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူ များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

မအူပင်မြို့နယ်၌ ငရုတ်များ အခက် အခဲမရှိစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုး ရေးဦးစီးဌာနမှ လိုအပ်သည်များ အားဖြည့် ကူညီပေးခဲ့ကြောင်း၊ စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေ အကျိုးရှိလေ ဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တောင်သူ များအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုး ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**သုတကျော်**



# ပုဂံယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ကြည့်ရှုစစ်ဆေး

ညောင်ဦး ဖေဖော်ဝါရီ ၂၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဇံ သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိရှေးဟောင်း သာသနိက အဆောက်အအုံများ ပြုပြင် ထိန်းသိမ်းမှု၊ တပ်ကလေးဘုရားအစုလုပ်ငန်း နှင့် မင်းနန်သူကျေးရွာရှိလေးမျက်နှာဘုရား အစုလုပ်ငန်းဆောင်ရွက်မည့်အခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဆင်ဖြူရှင် Complex သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆင်းတုတော်များထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဆင်ဖြူရှင်ဘုရားရှိ အင်္ဂတေပန်းအနုလက်ရာများကို ရှေးမူ မပျက်ထိန်းသိမ်းစောင့်ရှောက်ရန်မှာကြား ပြီး ရှေးဟောင်းအဆောက်အအုံအမှတ်- ၇၅၂ အနီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည် ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ရေလမ်းကြောင်း အမှတ်(၁) ထိန်းသိမ်းရေး လုပ်ငန်းနှင့် ရှေးဟောင်းအဆောက်အအုံ အမှတ်(၂၃၄၂) နှင့် (၇၅၂) ပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းများ၊ သိကြားဟစ်၊ သိကြား ပုန်း၊ သိကြားသိဘုရားအစု ပြင်ဆင်ထိန်း သိမ်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက်သရပါတံခါးအနီးရေမြောင်း တူးဖော်ခြင်း၊ Box Culvert ပြုလုပ်ခြင်း၊ သရပါ တံခါးအနီး ကျုံးကူးတံတား(Box Culvert) ပြုလုပ်ခြင်း၊ ဧရာဇက်ဆိပ်သွားကားလမ်း Box Culvert ပြုလုပ်ခြင်း၊ ဖောင်တော်ဦး ဘုရားနှင့် ရတနာမဥ္ဇူဘုရားတို့ရှိ ဆင်းတု တော်များရောင်တော်ဖွင့်ခြင်းနှင့်တန်ဆောင်း နှင့်ဇရပ်သွပ်မိုးများ ဆေးသုတ်ခြင်းဆောင် ရွက်မည့်လုပ်ငန်းများ၊ အနော်ရထာမင်း နှင့်ကျန်စစ်သားမင်းနန်းတော်ရာဝင်းအတွင်း ရှိ ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် “မဲခေါင်-လန်ချန်းယဉ်ကျေးမှုအစီအစဉ် (၂၀၂၄)မြန်မာနိုင်ငံ”ဖြင့် ပုဂံမြို့သို့ရောက်ရှိ နေသော မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံ များမှ ပန်းချီပညာရှင်များ၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံးမှ ပန်းချီပညာ ရှင်များ၊ ပုဂံမြို့ခံပန်းချီပညာရှင်များ၊ အမျိုး သား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပန်းချီပညာဌာနမှ ဆရာ၊ ဆရာမ များ၊ ကျောင်းသားများ၏ ယဉ်ကျေးမှု လေ့လာရေးခရီးစဉ်ဖြစ်သည့် ရွှေပြည်နန်း သနပ်ခါးပြတိုက်သို့ အားပေးကြည့်ရှုပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ တည်ခင်းဧည့်ခံ သော“မဲခေါင်-လန်ချန်းယဉ်ကျေးမှုအစီအစဉ် (၂၀၂၄) မြန်မာနိုင်ငံ”၏ နှုတ်ဆက်ညစာ စားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြေကြီးက ရွှေသီးစေရမည်

ဘုန်းမောင်ဝင်း(ဖျာပုံ)

လူသားတို့အတွက် သဘာဝတရားကြီးက မြေ၊ ရေ၊ လေဟူသောလက်ဆောင်ကြီးသုံးခုကို ပေးအပ်ထားသည်။ အဆိုပါလက်ဆောင်သုံးခုကို လူသားတို့ကောင်းကျိုးအတွက် အသုံးပြုနိုင်ရပေမည်။ မြေကြီးသည် သူ့အပေါ်တွင် သက်ရှိသက်မဲ့အရာအားလုံးကို နေထိုင်ခွင့်ပြုထားပေရာ လူသားတို့အတွက် မရှိမဖြစ်သောကျေးဇူးရှင်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပြည့်စုံများပြားလှသည်။ **"မြေကြီးက ရွှေသီးသည်"**ဟူသောစကားမှာ တင်စားပြောဆိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လူသားတို့၏အသိပညာ၊ အတတ်ပညာများကို သဘာဝတရားနှင့်ပေါင်းစပ်အသုံးချကာ လူတို့အတွက် စား၊ ဝတ်၊ နေရေးမှ အရေးကြီးဆုံးဖြစ်သည့် စားရေးအတွက် လိုအပ်သည့် စားပင်သီးပင်များ အောင်မြင်စွာဖြစ်ထွန်းလာအောင် စိုက်ပျိုးနိုင်ခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် မြေကြီးဆိုသည်မှာ အလွန်တန်ဖိုးရှိလှသည်။ ထို့အတူ ရွှေဆိုသည်မှာလည်း လူတိုင်းနှစ်သက်စွဲလမ်းစွာ ဝတ်ဆင်ကြသောတန်ဖိုးကြီးသတ္တုတစ်မျိုးဖြစ်သည်။ အလွန်တန်ဖိုးရှိသည့်မြေကြီးမှ အလွန်တန်ဖိုးရှိသည့်ရွှေထွက်ပေါ်လာသကဲ့သို့ စားရေးအတွက် အရေးပါသောတန်ဖိုးရှိသည့် သီးပင်စားပင်များဖြစ်ထွန်းလာစေခြင်းကို တင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။

အဓိကအားဖြင့် မြေကြီးနှင့်စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆောင်ရွက်ရမည့်လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ မြန်မာတို့ပိုင်ဆိုင်သော မြန်မာ့မြေတွင် မြန်မာတို့စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်ရာဝယ် မိမိတို့စိုက်ပျိုးချင်သည့်သီးနှံအပေါ်မူတည်၍ မြေကိုပြင်ဆင်စိုက်ပျိုးကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးဟုဆိုရာတွင် "ကောက်ပဲသီးနှံ"ဟူသောဝေါဟာရကို သုံးကြသည်မှာ လယ်ယာသီးနှံ၊ စက်မှုသီးနှံ၊ ဆီထွက်သီးနှံအားလုံးကို ကိုယ်စားပြုခြင်းဖြစ်သည်။ စာပေလောကတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအမည်များကိုစုပေါင်း၍ "စာနယ်ဇင်း" ဟုခေါ်သကဲ့သို့ဖြစ်သည်။

စိုက်ရေးပျိုးရေးတွင် မြေကြီးသည် အကောင်းဆုံး သွင်းအားစုဖြစ်သည်။ မြေကြီးသည် အပင်အတွက် အာဟာရ၊ အောက်ဆီဂျင်နှင့် ရေကိုသိမ်းဆည်းပေးနိုင်ခြင်း၊ သီးနှံ့အကြွင်းအကျန်နှင့်စားကျက်အကြွင်းအကျန်များအား မြေကြီးကိုအသုံးပြု၍ မြေဆွေးပြုလုပ်နိုင်ခြင်း၊ အပင်များထောင်မတ်နေစေရန် ကူညီပေးနိုင်ခြင်း စသည့်အရေးပါသည့်အရာဖြစ်သည်။ မြေကြီးတွင် အဓိကပါဝင်သောပစ္စည်းလေးမျိုးမှာ သတ္တုပစ္စည်းများ (ကျောက်စရစ်၊ သဲ၊ နုန်း၊ ရွှံ့အစရှိသည်...)၊ အော်ဂဲနစ်ပစ္စည်းများ (အပင် အကြွင်းအကျန်၊ တိရစ္ဆာန်အကြွင်းအကျန်၊ အဏုဇီဝသက်ရှိ အစရှိသည်...)၊ ရေ (မြေ၏စိုစွတ်မှု ၃၀ မှ ၅၀ ရာခိုင်နှုန်း) နှင့် လေ(အောက်ဆီဂျင်နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်)တို့ဖြစ်သည်။ အထက်ပါတို့ကိုပေါင်းစပ်ပြီး မြေကြီးဟုခေါ်ခြင်းဖြစ်သည်။

အထက်ပါမြေကြီးပေါ်တွင် ကောက်ပဲသီးနှံစိုက်ပျိုးရာ၌ သိရှိပြီးဖြစ်သည့် လိုအပ်ချက်များမှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်သည်။ အမျိုးအစားပို၍ကောင်းခြင်းကို နေရာကဏ္ဍတိုင်းတွင် အလိုရှိကြသည်။ လူတို့တွင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဆိုသကဲ့သို့ ကောက်ပဲသီးနှံစိုက်ပျိုးမှုတွင်လည်း မျိုးကောင်းမျိုးသန့်သည် အဓိကဖြစ်၍ **"မျိုးစေ့မမှန် ပင်မသန်"** ဆိုစကားပင်ရှိထားသည်။ မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် ပညာရှင်များက သုတေသနပြုကြရသည်။ စမ်းသပ်တီထွင်မှုပြုကြသည်။ ပြည်တွင်းမှာသာမက ပြည်ပကအောင်မြင်ဖြစ်ထွန်းသောသီးနှံအလိုက်မျိုးများကို လေ့လာမှတ်သားရသည်။

ကောက်ပဲသီးနှံများ အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် မျိုးကောင်းမျိုးသန့်သည် အပင်တစ်ပင်အတွက် အမြစ်ပင်ဖြစ်သည်။ ထိုအမြစ်ခိုင်မာရှင်သန်ရေးအတွက် လိုအပ်သည်မှာမြေဖြစ်သည်။ မြေကိုအလှဆင်ရမည်ဆိုသည်ထက် သက်ရှိလူသားတစ်ဦးကို ပြုစုရသကဲ့သို့ ပမာတူလှသည်။ စိုက်ပျိုးရေးတွင် နှစ်ပေါင်းကြာရှည်စွာရှိနေသည့်ဆောင်ပုဒ်တစ်ခုမှာ **"ညက်ညက်ထွန် စိပ်စိပ်စိုက်"** ဟူ၍ဖြစ်သည်။ မြေကြီးကို ကြေညက်နေအောင် ထွန်ပေးရသလို မြေကြီးပေါ်တွင် သီးနှံအလိုက်သတ်မှတ်ထားသည့် မျိုးစေ့နှင့်အပင်အရေအတွက်ကိုလည်း ပြည့်မီစေရန် စိုက်ပျိုးရမည်ဖြစ်သည်။ သူ့အတိုင်းအတာနှင့် သူ့အချိုးအစားအလိုက် မြေဩဇာထည့်သွင်းပေးကြရသည်။

မျိုးကောင်းမျိုးသန့်ရရှိပြီဆိုသည်နှင့် ကောက်ပဲသီးနှံများကို မြေကြီးတွင် စိုက်ပျိုးနိုင်ပြီဖြစ်သည်။ ရေသည် စိုက်ပျိုးမှုကွင်းဆက်တစ်လျှောက်လုံးတွင် အရိပ်တကြည့်ကြည့်နှင့် ရှိနေရမည်ဖြစ်သည်။ ရေနှင့်ကင်းကွာသောအခါ ကောက်ပဲသီးနှံများ ဖြစ်ထွန်းနိုင်မည်မဟုတ်သည့်အတွက် ရေရရှိရေးစီမံကြရသည်။ မိုးရေ၊ မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ မြေအောက်ရေစသည်တို့မှ ရေကိုရအောင်ယူကြရမည်။ ကောက်ပဲသီးနှံရှင်သန်ကြီးထွားလာရေးအတွက် ရေလိုအပ်ချိန်တွင် ရေကိုအဆင်ပြေစွာ ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်သည်။ ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်ဆိုသည်နှင့်အညီ ရေသည် အပင်များအတွက် အရေးပါလှသည်။ စိုက်ပျိုးရေးတွင်စိုက်ပျိုးရေနှင့်အောင်ရေ နှစ်မျိုးလုံးကို အချိန်နှင့်တစ်ပြေးညီ

စာမျက်နှာ ၁၄ သို့ ▸▸













▸▸ **စာမျက်နှာ ၁၃ မှအဆက်**

အသုံးပြုနိုင်ရမည်ဖြစ်သည်။ ရေများလျှင်လည်း သီးနှံပျက်စီးနိုင်သကဲ့သို့ ရေနည်းလျှင်လည်း အောင်မြင်မှုနည်းပါးပေလိမ့်မည်။

မျိုး၊ မြေ၊ ရေဟူသော ညီနောင်သုံးဖော်တို့ပြိုင်တူလှုပ်ရှားနိုင်ရေးအတွက် ဦးဆောင်ထိန်းကျောင်းပေးရမည်မှာ နည်းပညာဖြစ်သည်။ နည်းပညာသည် ကောက်ပဲသီးနှံအားလုံး၏ အနှစ်ချုပ်သို့မဟုတ် ခေါင်းဆောင်ဖြစ်သည်ဟု ဆိုနိုင်သည်။ နည်းပညာချို့တဲ့နေလျှင် အောင်မြင်မှုပန်းတိုင်၊ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်သို့ရောက်ရှိနိုင်မည်မဟုတ်ပေ။ စိုက်နည်းမှန်မှအထွက်နှုန်းမှန်မည်ဖြစ်သည်။ တိတိကျကျဆိုရသော် မြေကြီးကရွှေသီးနိုင်မည်သာဖြစ်သည်။

အထက်ပါအတိုင်း စိုက်ပျိုးရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်လျှင်၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် ခေတ်မီနည်းစနစ်များနှင့် စိုက်ပျိုးမည်ဆိုလျှင် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းစွမ်းအားများ တိုးချဲ့ခြင်း၊ အထွက်တိုးအောင်လုပ်ဆောင်ခြင်း၊ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျှင် စိုက်ပျိုးရေးကဏ္ဍက ထုတ်ကုန်နှစ်ဆတိုးမြှင့်ကာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်ကျယ်လာလျှင် ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပိုလျှံမှုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ပြည်ပဝင်ငွေတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံက တောင်သူလယ်သမားလုပ်ငန်းရှင်များအတွက် **“မြေကြီးကရွှေသီး”**ခြင်းပင်ဖြစ်သည်။

စိုက်ပျိုးရေးထွက်ကုန်များတွင် မြန်မာလူမျိုးတို့ အဓိကထားစားသုံးသည့် ဆန်စပါး၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ဝါ၊ ပဲပုပ်၊ နေကြာ၊ အာဟာရဓာတ်ပြည့်ဝစွာပါဝင်သည့် ပဲအမျိုးမျိုး၊ နေ့စဉ်စားသုံးနေသော ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ သစ်သီးဝလံအမျိုးမျိုးနှင့် အခြားထုတ်ကုန်များ ထုတ်လုပ်ရန် ကုန်ကြမ်းသီးနှံ အစရှိသည်တို့ပါဝင်သည်။ စိုက်ပျိုးရေးထွက်ကုန်များကို အရေအတွက်ရော၊ အရည်အချင်းပါ ကောင်းမွန်အောင် ထုတ်လုပ်နိုင်ပါက ပြည်ပကတင်သွင်းနေရမှုများ လျှော့ချနိုင်ကာ နိုင်ငံခြားငွေသုံးစွဲမှုများလျော့ကျလာမည်ဖြစ်သည်။ နိုင်ငံခြားငွေသုံးစွဲရမှုလျော့ကျလျှင် ပြည်တွင်းငွေကြေးလည်ပတ်မှုများ တည်ငြိမ်တိုးတက်ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားရေးမြင့်တက်လာနိုင်သည်။ နိုင်ငံ့စီးပွားရေးတိုးတက်လာပြီဆိုလျှင် ပြည်သူတစ်ဦးချင်း၏လူမှုစီးပွားဘဝများပါ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ **“မြေကြီးကရွှေသီး”**ခြင်း၏ အကျိုးဆက်များပင်ဖြစ်သည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်က တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင် **“တိုင်းပြည်သာယာဝပြောစေရေးမြေကြီးက ရွှေသီးအောင်လုပ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက်ကျဆင်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာလျှင် ပို့ကုန်ကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းဖြစ်ထွန်းအောင်မြင်ပြီး ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့် ဆန်၊ ပြောင်း၊ ကော်ဖီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း”** ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် နိုင်ငံတော်အစိုးရသည် **“မြေကြီးကရွှေသီး”** နိုင်အောင် ဦးဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းတစ်ခု အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးအရင်းအနှီးနှင့် နည်းပညာသည် မရှိမဖြစ်အရာများဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ကလုပ်ငန်းရှင်များထံ ရင်းနှီးမတည်ငွေများ ပေးအပ်ထားသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပပေးခဲ့သည်။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသည့် စကားအတိုင်း အောင်မြင်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စား MSME စီးပွားရေးလုပ်ငန်းများကို ပြည်သူများ မြင်တွေ့ကြရပြီးဖြစ်သည်။ ထို့ပြင် နိုင်ငံတစ်ဝန်းလုံးရှိ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် ငွေကြေးလိုအပ်ချက်ရှိပါက မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်ပုဂ္ဂလိကဘဏ် ၁၆ ခုတို့တွင် ချေးငွေများ လျှောက်ထားကြရန်အသိပေးထားသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင်ကြိုးပမ်းကြရမည်။ ထိုသို့ ကုန်ထုတ်လုပ်မှုတိုးတက်မှ နိုင်ငံ၏ GDP လည်း တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာခြင်းဖြစ်၍ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့ကို တိုးတက်စေရေးဆောင်ရွက်ကြရမည်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းဆိုသည်မှာလည်း မြေကြီးပေါ်တွင် အဓိကတည်ဆောက်ရသည့်အတွက် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် မြေကြီးမှရွှေသီးစေခြင်းဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများမှ အသားစို၊ အသားခြောက်၊ အေးခဲအသား၊ အသားမျှင်၊ စည်သွတ်ဘူး၊ ကြက်အူချောင်း၊ ဝက်အူချောင်း စသည့်အစားအစာများ၊ အင်္ကျီ၊ ဦးထုပ်၊ ဖိနပ်တို့ကဲ့သို့သော တန်ဖိုးမြှင့်ထုတ်ကုန် လူ့အသုံးအဆောင်ပစ္စည်းများ၊ နွားနို့၊ နို့စိမ်း၊ နို့အေး၊ ဒိန်ချဉ်၊ ဒိန်ခဲ၊ နို့ဆီ၊ မလိုင်၊ ထောပတ်ကဲ့သို့သောနို့ထွက်ပစ္စည်း







များ၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှထုတ်လုပ်သော သဘာဝမြေဩဇာများ စသည်ဖြင့် မွေးမြူရေးထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲထုတ်လုပ်လာကြသကဲ့သို့ မွေးမြူရေးလုပ်ငန်းများ၏အဓိကဖြစ်သော တိရစ္ဆာန်အစာများကိုလည်း ပြည်တွင်းထွက်စိုက်ပျိုးရေးမှ ရရှိသည့်ကုန်ကြမ်းများကိုအခြေခံပြီး အဆင့်မြင့်နည်းပညာများနှင့်ထုတ်လုပ်ဖြန့်ချိသုံးစွဲကြရမည်ဖြစ်သည်။ ထို့အတူ ဆန်ထုတ်လုပ်မှုမှ ဆန်ကွဲနှင့်ဖွဲများကိုလည်း မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိရှိအသုံးချကြရမည်ဖြစ်သည်။ ပြောင်းထုတ်လုပ်မှုတွင်လည်း ပြောင်းပင်အစေးမှ အဆင့်မြင့်ပြောင်းကော်၊ ပြောင်းဆန်မှ ပြောင်းဆီနှင့် ပြောင်းပင်ကို တိရစ္ဆာန်အစာနှင့်ဘိုင်အိုအက်သနော(ဇီဝလောင်စာဆီ) ထုတ်လုပ်ခြင်းများပြုလုပ်နိုင်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်လျက်ရှိသဖြင့် အောင်မြင်အောင်အကောင်အထည်ဖော်နိုင်ခြင်းမှာ **“မြေကြီးကရွှေသီး”**စေခြင်းဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် အထက်တွင်ဖော်ပြထားသကဲ့သို့ အဓိကလိုအပ်ချက်မှာ နည်းပညာဖြစ်သည်။ ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး Polytechnic တက္ကသိုလ်များ၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်မည်ဖြစ်သည်။ ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိရာတွင် နဝမတန်းပြီးမြောက်သည်နှင့် နည်းလမ်းလေးသွယ်တွင်မိမိတို့နှစ်သက်ရာသင်ယူခွင့်ကိုလည်း ပေးထားပြီးဖြစ်သည်။

မြေကြီးက ရွှေသီးဖို့ဆိုသည်မှာ အရည်အသွေးပြည့်ဝသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းဈေးကွက်ကြီးများ ခိုင်မာစွာရှိနေသည့်အတွက် မိမိတို့၏စွမ်းအားကို ဖော်ထုတ်ပြသကြရန်သာဖြစ်သည်။ မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်မှာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် တစ်နည်းနည်းအားဖြင့် ပါဝင်နေသူများဖြစ်ကြသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးတို့အတွက် ပန်းတိုင်ရည်မှန်းချက်များ ချမှတ်ထားသည်မှာ သုတေသနအထပ်ထပ်လုပ်ဆောင်ပြီးမှ သတ်မှတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းတိုင်းရည်မှန်းချက်ပြည့်မီရေးကို အလေးထားလုပ်ဆောင်ကြရမည်ဖြစ်သည်။ လုပ်ငန်းတိုင်းတွင် မိမိတို့မမျှော်လင့်ထားသည့်အရာများ ရှိတတ်သည်။ မမြင်ရသည့်နေရာတွင် အန္တရာယ်များရှိနေတတ်သည်။ အခက်အခဲများရှိနေပါက ထိုအခက်အခဲများကို ကြီးမားသောအောင်မြင်မှုဆီသို့ ဆွဲခေါ်သွားရမည်ဖြစ်သည်။ လုပ်ငန်းရှင်များ၊ လုပ်သားများအားလုံးတွင်အကောင်းမြင်မှုနှင့် စိတ်အားထက်သန်မှုရှိနေရမည်ဖြစ်သည်။ အကောင်းမြင်စိတ်ဓာတ်သည် အောင်မြင်မှုဆီဦးတည်ပြီး အဆိုးမြင်စိတ်ဓာတ်သည် ဆုံးရှုံးမှုသို့ ဦးတည်သည်။

ထို့ကြောင့် ကြီးပွားတိုးတက်ကာလုပ်ငန်းများ အောင်မြင်လိုသူတိုင်း၊ မြေကြီးမှရွှေသီးလိုသူတိုင်းအနေဖြင့် စိတ်ဓာတ်ကောင်းရမည်။ စည်းကမ်းစနစ်တကျရှိရမည်။ နိုင်ငံနှင့်လူမျိုးအပေါ်၊ မိမိ၏လုပ်ငန်းအပေါ်သစ္စာထားရှိရမည်။ ထို့ပြင် မိမိတို့လုပ်ဆောင်နေသည့်လုပ်ငန်းတွင် စည်းလုံးမှု အမြဲရှိနေရမည်ဖြစ်သည်။ တစ်ဦးကမေတ္တာ တစ်ဦးကစေတနာ ဆိုသကဲ့သို့ လုပ်ငန်းရှင်နှင့်လုပ်သားများ စည်းလုံးမှုရှိမှလည်း အောင်မြင်ပေမည်။ ထို့အတူ လုပ်ဆောင်သူများအားလုံးတွင် ကိုယ်စီစွမ်းရည်များ ရှိနေကြရမည်ဖြစ်သည်။ ကိုယ်စီစွမ်းရည်ဆိုသည်မှာ မိမိတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ဆောင်နိုင်သည့်အရည်အချင်းဖြစ်သည်။

**“မြေကြီးကရွှေသီး”**ရမည်ဟူသော မင်္ဂလာစကားနှင့်အညီ ယနေ့အချိန်အခါသည် မြန်မာတို့အတွက် အချိန်ကောင်း၊ အခါကောင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် ကောင်းမွန်သောဆောင်ရွက်ချက်များကို လုပ်ဆောင်ပေးလျက်ရှိသည်။ ထို့ကြောင့် ရောက်ရှိနေသည့် အချိန်အခါကောင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ မြေကြီးမှရွှေသီးအောင် “တစ်စိတ်ဝမ်း တစ်လက်ညီ” ပြည်ရေးကို ပြိုင်တူညီညာလုပ်ဆောင်ကြရန်ဖြစ်ပါကြောင်းရေးသားတင်ပြအပ်ပါသည်။ ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

☆ စာမျက်နှာ ၁၇ မှအဆက်

အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့စုံက စီးပွားရေးလုပ်ငန်းများ စုံစုံလင်လင်ပါဝင်လာနိုင်မည်ဖြစ်သည့်အတွက် လွယ်ကူထိရောက်မြန်ဆန်ပြီး စွမ်းဆောင်ရည်ပြည့်သည့်ငွေပေးချေမှုစနစ်တစ်ရပ်ကိုဖော်ဆောင်နိုင်မည်ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတော်အဆင့်စံနှုန်းတစ်ခုဖြစ်သည့် မြန်မာကြူအာ (MMQR)ကို ယခုကဲ့သို့တည်ထောင်နိုင်သည့်အတွက် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့်ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများနှင့် ငွေလွှဲပြောင်းပေးပို့မှုများကို အဆင်ပြေချောမွေ့ပြီး လုံခြုံစိတ်ချစွာဖြင့် အခြားနိုင်ငံများနည်းတူ ရင်ပေါင်တန်းဆောင်ရွက်လာနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေးအဆောက်အအုံဖွံ့ဖြိုးလာရန်အတွက် တွန်းအားပေးသည့် စနစ်တစ်ခုလည်းဖြစ်ကြောင်း၊ နည်းပညာတိုးတက်လာသည်နှင့်အတူ ယခုကဲ့သို့ စနစ်တကျ အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ တစ်ဖက်တွင်လည်း အွန်လိုင်းလိမ်လည်မှုများမဖြစ်အောင် စနစ်တကျစောင့်ကြည့် ထိန်းကျောင်းကြီးကြပ်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ငွေပေးချေမှုစနစ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစနစ်တစ်ခုဖြစ်သည့်မြန်မာကြူအာ(MMQR) ဒစ်ဂျစ်တယ်ငွေပေးချေမှုချိတ်ဆက်စနစ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ဦးဆောင်မှုနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ပူးပေါင်းကြိုးပမ်းအားထုတ်မှုတို့ကြောင့် အောင်မြင်မြင်နှင့် စတင်အသုံးပြုနိုင်ခဲ့ခြင်းအပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ဆက်လက်၍ ငွေပေးချေမှုစနစ်များ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်၏အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်လာပုံအဆင့်ဆင့်၊ MMQR ၏ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အကျိုးကျေးဇူးများကို တင်ဆက်ထားသည့် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌမှ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MMQR အသုံးပြုပေးချေမှုများအား စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၇

"ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ " ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ဆက်လက်ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးပွဲလေ့လာသူအဖြစ် တက်ရောက်သည့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့တွင် သင်တန်းဆရာများက ဦးဆောင်၍ ဆွေးနွေးပွဲ တက်ရောက်လာကြသူများသည် အစိုးရပြောရေးဆိုခွင့်ရှိသူများအနေဖြင့် လူထုနှင့် ထိရောက်သော ဆက်ဆံရေး ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ထားရှိရမည့် စိတ်နေစိတ်ထား၊ အသံအနေအထားနှင့် ကိုယ်ဟန်အနေအထားဆိုင်ရာ၊ မီဒီယာများနှင့်ချိတ်ဆက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပမှုဆိုင်ရာ၊ တွေ့ဆုံမေးမြန်းခြင်း ဆောင်ရွက်မှုဆိုင်ရာ၊ မီဒီယာများနှင့် ဆက်သွယ်ချိတ်ဆက်မှုဆိုင်ရာ၊ ဝက်ဆိုက်များနှင့် ဆိုရှယ်မီဒီယာ အသုံးပြုခြင်းဆိုင်ရာ အကြောင်းအရာများကို အဖွဲ့လိုက်ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံဒေသတွင်းရှိ အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် မီဒီယာနှင့် အစိုးရတာဝန်ရှိသူများအကြား ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုနိုင်ရန်၊ အဓိကကျသည့်သတင်းစကားများ ဖြန့်ဖြူးပေးပို့နိုင်ရန်နှင့် အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်ရန်သာမက အကျပ်အတည်းအခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုနှင့် အသိပညာများဖလှယ်နိုင်ရန်ရည်ရွယ်ပြီး အာဆီယံပြန်ကြားရေးဆပ်ကော်မတီ၏ စီမံကိန်းတစ်ခုအဖြစ် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ အထောက်အပံ့ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ကျင်းပခြင်းဖြစ်သည်။

ယနေ့ ဆွေးနွေးပွဲအစီအစဉ်များအပြီးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် သင်တန်းနည်းပြများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုသွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့တွင် ကျောက်ဆည်မြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ရွှေသရဖီခန်းမ၌ ကျင်းပသည်။

အဆိုပါလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် အမှတ်(၂)အခြေခံပညာအထက်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက လူငယ်များ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံစေရန်နှင့် စာပေကိုကြိုးစားသင်ယူကြရန် အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်နှင့်ရည်မှန်းချက်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် အသီးသီးဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်း အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်းများ၊ အသင်းအဖွဲ့များ၊ ဘဏ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နည်းပညာကုမ္ပဏီများမှ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ငွေပေးချေမှုစနစ်၏ အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် မြန်မာနိုင်ငံ အမျိုးသားစံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသည့် **"လျင်မြန်လွယ်ကူစွာ ငွေပေးချေနိုင်သည့် နိုင်ငံတော်အဆင့် ကြူအာကုတ်စနစ်၊ မြန်မာကြူအာ(MMQR)"**ကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ အများပြည်သူများအနေဖြင့် ယနေ့မှ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ပထမဦးစွာ အသိပေးပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံ၏ငွေပေးချေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ်ကို ခေတ်နှင့်အညီ တိုးတက်လာရန်၊ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ အများပြည်သူ၏ နေ့စဉ်လူမှုဘဝတွင် ငွေလွှဲပြောင်းပေးချေမှုများကို လုံခြုံစိတ်ချစွာဖြင့် လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန်၊ ငွေရေးကြေးရေးစနစ်တွင် ပြည်သူများအားလုံး အလုံးစုံပါဝင်လာနိုင်ရေးကို မြှင့်တင်နိုင်ရန်၊



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

❖ **မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ငွေပေးချေမှု စနစ်၏ အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် မြန်မာနိုင်ငံ အမျိုးသားစံသတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ထားသည့် "လျင်မြန်လွယ်ကူစွာ ငွေပေးချေနိုင်သည့် နိုင်ငံတော်အဆင့် ကြူအာကုတ်စနစ်၊ မြန်မာကြူအာ(MMQR)"ကို နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် အညီ အများပြည်သူများအနေဖြင့် ယနေ့မှ စတင်အသုံးပြုနိုင်ပြီဖြစ် . . .**

❖ **မြန်မာကြူအာ(MMQR)ကို အသုံးပြုခြင်းအားဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အသုံးပြုနိုင်ခြင်းမရှိသေးသူများသာမက ရှိပြီးသားသူများကိုပါ ငွေရေးကြေးရေးစနစ်တွင် ပိုမိုပါဝင်လာနိုင်ပြီး ငွေကြေးဝန်ဆောင်မှုများကိုရယူနိုင်ရန် အထောက်အကူပြုနိုင်မည် ဖြစ်၊ ငွေသားကိုင်တွယ်သုံးစွဲမှုအား လျှော့ချနိုင်မည်လည်းဖြစ် . . .**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MMQR အသုံးပြုပေးချေမှုများအား စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MMQR အသုံးပြုပေးချေမှုများအား စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံအတွင်း ငွေသားကိုင်တွယ်သုံးစွဲမှု လျှော့ချနိုင်ပြီး ဒစ်ဂျစ်တယ်ပေးချေမှုများကို တိုးမြှင့်သုံးစွဲနိုင်ရန်၊ နိုင်ငံ၏ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်ပငွေလွှဲဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် စသည်တို့အတွက် ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေမည့် လုပ်ငန်းစဉ်များကို အစဉ်တစိုက်ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်လာမှုကို ပြောရမည်ဆိုပါက အခြေခံအဆောက်အအုံတည်ဆောက်မှုနှင့်ပတ်သက်ပြီး ၂၀၁၁ ခုနှစ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များပါဝင်သည့် မြန်မာငွေပေးချေမှုအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် ငွေသားကိုင်တွယ်ရန်မလိုဘဲ ကတ်ဖြင့်အဆင်ပြေချောမွေ့စွာပေးချေနိုင်ရေးအတွက် ပြည်တွင်းဘဏ်များက ထုတ်ဝေသည့် မြီစားကတ်၊ အကြွေးဝယ်ကတ်များအပြင် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုကတ်များကိုပါ စနစ်တကျသုံးစွဲလာနိုင်သည်ကို တွေ့ရကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအကြား ငွေပေးချေမှုကွန်ရက်စနစ်ကိုတည်ထောင်ခဲ့ပြီး ငွေပမာဏကြီးမားသည့် အခွန်ပေးဆောင်မှုများကို ပြည်တွင်းဘဏ်များကတစ်ဆင့် ပေးချေနိုင်ရေးဆောင်ရွက်ပေးခဲ့သည်ကိုတွေ့ရကြောင်း။

ပြည်တွင်း၌မိုဘိုင်းသုံးစွဲမှုတိုးတက်လာသည်နှင့်အမျှ ဘဏ်လုပ်ငန်းဝန်ဆောင်မှု မရရှိသေးသည့်ဒေသက ပြည်သူများအနေဖြင့်လည်း ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုများကိုရရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း ဒစ်ဂျစ်တယ်ပေးချေမှုနည်းလမ်းများကို အခြေခံလူတန်းစားများအထိ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၊ မိုဘိုင်းပေးလုပ်ငန်း၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ အမိန့်များထုတ်ပြန်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မီတာခ၊ အခွန်အခများ၊ အစိုးရဝန်ထမ်းလစာများ၊ အာမခံကြေးကောက်ခံမှုများ၊ အသေးစားချေးငွေထုတ်ချေးခြင်းနှင့် ကောက်ခံခြင်းများစသည့် အစိုးရငွေပေးချေမှုများသာမက အသေးစား ငွေပေးချေမှုများအတွက်လည်း စနစ်တကျခွင့်ပြုပေးထားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားငွေပေးချေမှုစနစ် မဟာဗျူဟာ၏ ရည်ရွယ်ချက်များနှင့်အညီ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးပြီး ဘဏ်များအကြားကွဲပြားသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအကြား မြန်မြန်ဆန်ဆန် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် စနစ်တစ်ခုလိုအပ်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ကျူအာကုတ်ကို မြန်မာနိုင်ငံ အမျိုးသား စံသတ်မှတ်ချက်အဆင့်အသုံးပြုပြီး အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သည့်မြန်မာကျူအာ(MMQR)စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံအတွင်း၌ မတူညီသည့် ငွေပေးချေမှုစနစ်များ၏ ကျူအာကုတ်အမျိုးမျိုးကို ချိတ်ဆက်ပြီး ငွေပေးချေမှုများ ပိုမိုအဆင်ပြေသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ နေ့စဉ်ဘဝတွင် အသုံးပြုမှုများသည့် လက်လီငွေလွှဲပြောင်းပေးချေမှုများကို စရိတ်သက်သက်သာသာဖြင့် လွယ်ကူမြန်ဆန်စွာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာကျူအာ(MMQR) ကနေတစ်ဆင့် ငွေလွှဲပြောင်းပေးချေမှုများပြုလုပ်နိုင်ပုံအဆင့်ဆင့်ကိုလည်း သုံးစွဲသူပြည်သူများ ရှင်းရှင်းလင်းလင်း နားလည်အသုံးပြုနိုင်အောင် အသိပညာပေးသွားရန် လိုအပ်ကြောင်း။

မြန်မာကျူအာ(MMQR)ကို အသုံးပြုခြင်းအားဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အသုံးပြုနိုင်ခြင်းမရှိသေးသူများသာမက ရှိပြီးသားသူများကိုပါ ငွေရေးကြေးရေးစနစ်တွင် ပိုမိုပါဝင်လာနိုင်ပြီး ငွေကြေးဝန်ဆောင်မှုများကိုရယူနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ငွေသားကိုင်တွယ်သုံးစွဲမှုအား လျှော့ချနိုင်မည်လည်းဖြစ်ကြောင်း၊ ထို့ပြင် မတူညီသည့် ဘဏ်စာရင်းများ၊ မတူညီသည့် ဒစ်ဂျစ်တယ် မိုဘိုင်းပိုက်ဆံအိတ်များ၊ မတူညီသည့် ပေးချေမှုစနစ်များကို ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ကုန်သည်များနှင့် အသုံးပြုသူများအကြား ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာများတွင် လျင်မြန်လွယ်ကူပြီး ရှုပ်ထွေးမှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း။

မြန်မာကျူအာ (MMQR) အသုံးပြုပြီး ငွေပေးချေမှုနှင့် အစိုးရကို အခွန်အခ၊ မီတာခပေးဆောင်ခြင်း၊ ခရီးသွားလုပ်ငန်း၊ နိုင်ငံ့ဝန်ထမ်းများလစာပေးခြင်း၊ ပင်စင်ထုတ်ပေးခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်း၊ စက်သုံးဆီအရောင်းဆိုင်၊ ပုဂ္ဂလိကဆေးရုံများ၊ ကျောင်းများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချခြင်း အစရှိသည့် စီးပွားရေးလုပ်ငန်းစုံစုံလင်လင်တွင် **စာမျက်နှာ ၁၅ သို့** ☆

❖ **မြန်မာကျူအာ (MMQR) အသုံးပြုပြီး ငွေပေးချေမှုနှင့် အစိုးရကို အခွန်အခ၊ မီတာခပေးဆောင်ခြင်း၊ ခရီးသွားလုပ်ငန်း၊ နိုင်ငံ့ဝန်ထမ်းများ လစာပေးခြင်း၊ ပင်စင်ထုတ်ပေးခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်း၊ စက်သုံးဆီအရောင်းဆိုင်၊ ပုဂ္ဂလိကဆေးရုံများ၊ ကျောင်းများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချခြင်း အစရှိသည့် စီးပွားရေးလုပ်ငန်းစုံစုံလင်လင်တွင် အသုံးပြုနိုင်မည်ဖြစ် . . .**

❖ **ငွေပေးချေမှုစနစ်များ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်၏အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses launching ceremony of MMQR, national QR standard for digital payments in Myanmar




Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at the launching ceremony of MMQR, national QR standard for digital payments in Myanmar.

NAY PYI TAW February 27

The launching ceremony of MMQR, the national QR standard for digital payments in Myanmar, was held at Jade Hall of MICC-I this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony together with the Senior General were SAC Joint Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, ambassadors of diplomatic missions in Myanmar, members of the board of directors of Central Bank of Myanmar, invited heads of department and officials, chairs and secretaries of associations and banks, distinguished guests from financial institutions and technology companies, and officials.



Senior General Min Aung Hlaing views the displayed items in connection with MMQR.

First, the Senior General inaugurated the ceremony by pushing a button.

In his address, the Senior General said it is a pleasure to announce the availability of the **Myanmar QR (MMQR) that ensures convenient and faster payments in accord with the national OR standard** and that meets international standard, for public use beginning today. It is also a milestone that marks the success of a payment system that is important in the financial sector of Myanmar.

The Central Bank of Myanmar is an institution that is mainly responsible for the country's financial payment system development. Hence, it is in the constant process of developing Myanmar payment system with the times, conducting payments in accord with international standard, ensuring secure and quick money transfers in everyday life of the public and public inclusiveness in monetary sys-tem, promoting the application of digital payment system, while reducing the use of cash, and facilitating trade, investment and tourism services and foreign remittances.

As regards the development of Myanmar's payment system, the country set up the Myanmar payment board with the involvement of state-owned and private banks in 2011 for infrastructure development. Later, it introduced the systematic use of international payment cards, in addition to debit cards and credit cards, issued by local banks. In 2016, the Central Bank of Myanmar established a payment network for the banks and arranged the settlement of large tax payments through domestic banks.

Alongside the increase in domestic mobile phone use, financial services must be available for the people outside the areas of banking services. In this regard, the Central Bank

See Page - 19►►

►► From Page - 18

of Myanmar issued laws, rules and regulations, directives and orders for mobile banking services, internet banking business, mobile financial operations and services, mobile businesses, and payment service providers for broadening the scope of digital payment methods till reaching the grassroots. The bank also permitted conducting remittances for meter bills, taxes, civil servant salaries, premium payments, micro loan payments and collections.

The aim of the national payment strategy calls for a system that will develop digital banking services and that ensures a faster connection between the diverse mobile banking services. The application of MMQR is for the establishment of bilateral connections by using the Myanmar national standard procedures.

The integration of various QR codes from different payment systems within the country will enhance convenience for users. This initiative aims to facilitate seamless and low-cost retail payments, making everyday transactions faster and more efficient.Therefore, it is essential to educate users on the procedures for making transactions through Myanmar QR (MMQR) to ensure they clearly understand and can use the system effectively.

By using Myanmar QR (MMQR), both unbanked individuals and those already using banking services will have greater access to the financial system and a wider range of financial services.It will also help reduce the reliance on cash transactions.In addition, the integration of different bank accounts, digital mobile wallets, and payment systems will streamline financial management for both merchants and users, making transactions faster, easier, and less complicated.

Myanmar QR (MMQR) can be utilized for a wide range of business activities, including government payments, taxes, utility bills such as electricity, tourism, civil servants' salaries, pensions, small businesses, petrol stations, private hospitals, schools, and consumer goods sales.This will allow a wide range of businesses across various sectors to participate, facilitating an easy, fast, and streamlined payment system.

In Myanmar, the Central Bank has established a national standard, the Myanmar QR (MMQR), which will facilitate smooth and secure international financial transactions and money transfers, aligning the country with global standards.It is also a system that promotes the development of the country's digital economic infrastructure.With the advancement of technology, while it is now possible to offer systematic and convenient services, it is equally important to implement effective monitoring and supervision to prevent online fraud.

The successful launch of the Myanmar QR (MMQR) digital payment connection system is a great source of pride, marking a significant development in the payment sector, made possible through the leadership of the Central Bank of Myanmar and the collaborative efforts of relevant organizations.He further urged making concerted efforts to develop payment systems that align with modern advancements, strengthen the country's financial sector, and contribute to the support of the national economy in various ways.

Then, Daw Than Than Swe, the Governor of the Central Bank of Myanmar, explained the status of the implementation of MMQR, the National QR Standard for Myanmar's digital payments.

Afterwards, the Senior General and the attendees of the ceremony watched a documentary video showcasing the stages of development of Myanmar's digital payment system, along with the process steps and benefits of MMQR.

Then, the Senior General was presented with a commemorative gift by the Governor of the Central Bank of Myanmar to mark the launch of MMQR, the National QR Standard for Myanmar's digital payments.

Afterwards, the Senior General and the attendees of the ceremony took documentary photos and toured the exhibits, showing interest in the MMQR payment methods. **100**

# Mawlaik Township cultivates over 2,000 acres of winter vegetables

MAWLAIK February 27

A total of 2,629 acres of vegetables have been planted during this year's winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, according to statistics from the Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,679 acres of vegetables are planned to be planted in Mawlaik Township, and since October 2024, 2,629 acres have been planted.

"They planted mustards, chilis, spices, potatoes, cabbages, and eggplants. We provide technology to farmers so that they can grow all vegetables using the GAP system. We are providing farmers with techniques to grow healthy crops with as little chemical residue as possible," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

This year, the Township Department of Agriculture has provided technical training to vegetable growers in Mawlaik Township to cultivate using the GAP system, techniques to make the healthy vegetables produced from the fields, and to encourage the vegetable growers to expand the cultivation of vegetables.

**SK**

## State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

■■ From Page - 21

broader than just preventing smuggled goods, and to lead and organize their employees to do so. Since tax collection plays a key role in national development, business owners need to pay their taxes in full and conduct regular trade in order to play their part in national development. The public should also be more widely educated and organized to report illegal trade responsibly and correctly when they become aware of it. The effective work of combating illegal trade, including prevention and inspection in trade routes, is aimed at protecting entrepreneurs who are engaged in regular trade and MSMEs in the country. Business owners need to be widely educated and organized to cooperate.

In combating illegal trade, accurate information, information security, and safety for informants are important. Only by building the information obtained and organizing for security and working together in unity can the goal be achieved. The financial benefits of reporting illegal exports have been shared between the informant and the person who made the arrest. It is necessary to conduct awareness-raising activities through state-owned newspapers, TV and radio stations, and private news outlets to inform the public about the increase in the number of correct reports. In addition, it is requested that the relevant organizations in the regions and states be aware of the safety of informants and provide support.

The special teams for combating illegal trade should be instructed to take necessary measures in advance to avoid unnecessary delays and traffic jams at the trade posts, inspection posts, and security gates opened in the relevant regions and states.

The Illegal Trade Eradication Steering Committee needs to take measures to seize illegal goods in order to increase the country's exports and ensure the sustainability of MSMEs. Similarly, the import of illegal goods, such as substandard consumer goods, medicines, and food products, poses a risk to consumers, so we must protect the safety of consumers. In addition, we must effectively combat illegal trade to prevent loss of state revenue.

In doing so, he urged the members of the Steering Committee, as well as the special members of the Illegal Trade Eradication Committee in the regions and states, employees and the public to participate in the activities. They need to cooperate for the sustainability of MSMEs' manufacturing activities, the safety of consumers and the prevention of loss of state funds. In doing so, the Steering Committee and its members to work together with the special teams in the regions and states to make further progress in arresting and combating illegal trade that does not benefit the state and the people, and to work together to eliminate it completely.

Then, U Min Min, Secretary of the Illegal Trade Eradication Steering Committee and Deputy Minister of Commerce, presented the progress made on the decisions of the Steering Committee Meeting (5/2024) and the activities of the Steering Committee.

Then, Director General U Aung Thwin Oo, Head of the Steering Committee Office Task Force, U Han Win Aung, Director General of the Central Equipment Statistics and Inspection Department, U Myint Thura, Director General of the Department of Trade, and Professor Dr Ye Myint, Director General of the Food and Drug Administration, read out the orders submitted to the Steering Committee's Work Coordination Meeting (1/2025) on Combating Illicit Trade.

Next, the members of the Steering Committee, Union Ministers U Win Shein, Lt. Gen. Tun Tun Naung, U Tun Ohn, Chairman of the Revenue Appellate Tribunal, members of the Nay Pyi Taw Council, Chairmen of the Region and State Special Committees on Eradicating Illicit Trade, and officials, discussed and presented the findings of the analysis on illegal trade, the seizure of illegal controlled chemicals, drugs, timber, vehicles, fuel, food, medicine, and cosmetics, the actions being taken in accordance with the law on these seizures, prevention and control issues, the comparison of exports and imports, the flow of goods at the trade posts, and the trade situation with neighboring countries.

Then, the Vice- Senior General coordinated the discussions and made concluding remarks, and the meeting was adjourned. **100**

# 84 more Indonesian nationals involved in telecom frauds, criminal activities repatriated

NAY PYI TAW February 27

The government has been cracking down on telecom frauds and criminal activities effectively in cooperation with international organizations including those from neighbouring countries and foreigners involved in them are repatriated to relevant countries properly. Today, 84 Indonesian nationals were repatriated through Myanmar-Thai Friendship Bridge-2 to the relevant country in accordance with the law, rules and regulations on humanitarian grounds and in consideration of friendship between countries.

Security and Border Affairs Minister of Kayin State Government Col Min Thu Kyaw and officials inspected the process to ensure proper repatriation.

Afterward, a repatriation ceremony was held, attended by the Security and Border Affairs Minister, Director Mr. Judha Nugraha of Citizen Protection of the Ministry of Foreign Affairs, Deputy District Officer Police Lt-Col Sermkiat Kampira of Tak Province Immigration Department and officials, and responsible officials transfer repatriation documents to officials from the relevant country.

The government has been clamping down on those who operate them and are involved in online scams and gambling resolutely and combating them in cooperation with international organizations including those from neighbouring countries, especially through the trilateral cooperation among Myanmar, China and Thailand, actively and consistently.

Moreover, the government has been taking measures to expose foreigners who control online scam centres behind the scene or involved in them in order to take effective action against the offenders while cooperating with others actively to repatriate foreigners in trouble for various reasons and foreign human trafficking victims to relevant countries as soon as possible. **100**



The ceremony for repatriation of Indonesian illegal migrants is in progress.

# 187 more illegal migrants to Myanmar detained



Authorities collect personal information and documents of illegal migrants.

NAY PYI TAW February 27

Foreigners who are involved or control online scam and gambling operations are being cracked down through trilateral cooperation among Myanmar, China and Thailand.

In doing so, 187 more foreigners who illegally entered Myanmar through border routes from neighbouring countries including Thailand and committed online scams and gambling in Shwe Kokko, Mehtawthalay and KK Park in Myawady in Kayin State were exposed and detained today.

Combined teams of relevant departments have collected their personal information and documents within a day to repatriate them to relevant countries as soon as possible and Security and Border Affairs Minister of Kayin State Government Col Min Thu Kyaw inspected the process, met with responsible officials and gave necessary instructions on health, accommodation, food, security and repatriation of foreigners without delay before coordinating necessary measures.

From 30 January to 27 January, 2025, a total of 2,925 illegal migrants to Myanmar were exposed and detained and 757 of them were repatriated to relevant countries through Thailand in accordance with the law, rules and regulations. The remaining 2,168 foreigners are ready for repatriation to relevant countries and are being detained properly. **100**

# Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting (1/2025) of Leading Committee for Combating Illegal Trade

NAY PYI TAW February 27

The Coordination Meeting of the Leading Committee for Combating Illegal Trade (1/2025) was held this afternoon at the Conference Hall of the Ministry of Commerce in Nay Pyi Taw. The meeting was attended by the Chairman of the Leading Committee for Combating Illegal Trade Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, who delivered an opening speech.

The meeting was also attended by Union Ministers U Win Shein, Lt-Gen Tun Tun Naung, U Tun Ohn, Deputy Ministers, the Chairman of the Tax Appeals Tribunal, members of the Nay Pyi Taw Council, Permanent Secretaries, Directors-General, and representatives from various organizations. Additionally, the Chairpersons of the Special Task Forces for Combating Illegal Trade from regions and states participated via video conferencing.

In his opening remarks, the Vice-Senior General stated that the Leading Committee for Combating Illegal Trade has been established to effectively combat illegal trade, and coordination meetings have been held 18 times so far. During the previous 17 meetings, 589 decisions were made and implemented. From January 2022 to January 2025, over 19,000 cases were seized, with an estimated value exceeding Ks-458 billion. However, when comparing the trade discrepancies with neighboring countries, the amount seized is still significantly low, indicating the need for more effective enforcement. He emphasized that the Special Task Forces for Combating Illegal Trade in regions and states must be fully aware of the specific routes within their jurisdictions and conduct regular inspections and seizures day and night. Collaboration with security forces will further enhance the effectiveness of these operations.



Vice-Senior General Soe Win delivers address at the meeting.

Furthermore, during the opening ceremony of the Union-level MSMEs Product Exhibition and Competition held on February 12, 2025, the Prime Minister instructed the Chief Ministers of regions and states **to strictly enforce the identification and prosecution of unlicensed vehicles, including those involved in administrative and security roles. He also emphasized the need to crack down on illegal motorcycles and the import and export of illegal goods, which significantly harm the nation.** The Special Task Forces for Combating Illegal Trade in regions and states must prioritize and implement these directives.

During the period of December 2024 and January 2025, the Customs Department recorded the highest number of seizures, with the Sagaing Region leading, followed by the Mandalay Region and the Yangon Region. In terms of product categories, unlicensed vehicles and illegal goods transport vehicles accounted for the majority of seizures, followed by industrial raw materials and investment-related goods.

In 2024, the highest value of seizures occurred in December, amounting to Ks-44.183 billion. Comparing annual seizure values, Ks-65 billion were seized in 2022, over Ks- 135 billion in 2023, and Ks- 223 billion in 2024. This progress is attributed to the efforts of all responsible officials. However, when compared to the trade discrepancies with neighboring countries, there is still a significant need for more effective enforcement. Officials must intensify their efforts to ensure that the value of seizures matches the import and export discrepancies.

Regarding global data on illegal trade, the World Bank reported that in 2024, the estimated global GDP was US$-105 trillion, with illegal trade and money laundering causing a loss of up to US$-2.6 trillion. Cross-border crimes accounted for US$-2.2 trillion, bribery for US$-1 trillion, drug trafficking for over US$-500 billion, counter-feiting and smuggling for US$-500 billion, environmental crimes for US$-258 billion, and human trafficking for US$-150 billion.

Illegal trade contributes to corruption, violence, criminal activities, and the financing of terrorism, leading to instability and undermining peace and security. For example, the current issues of online fraud (Telecom Fraud) in border areas, along with gambling, human trafficking, armed attacks, and other crimes, threaten security and stability. This highlights the need for more decisive action against illegal trade. Additionally, the negative impacts of illegal economies include undermining democracy, weakening the rule of law, and significantly affecting the nation's long-term stability and economic development. These issues also lead to human rights violations and loss of employment opportunities. Therefore, it is imperative to intensify efforts to combat illegal trade.

It is difficult to control illegal entry and exit points along the country's long border due to its geographical location. Similarly, illegal smuggling routes are also used to enter the country. It is very difficult to control them. However, there are key routes and points along the long border that can control entry points. If the staff on duty at these points are loyal, honest, compassionate and have a spirit of contributing to the country's economy, no matter what the illegal route, more illegal goods can be detected. Similarly, in addition to exporting illegal goods through border gates, they are also stored and distributed in ware houses near border gates. It is necessary for the relevant officials to identify, arrest and take action against such activities.

Illegal goods pose a special threat to the country's health, economy and the future development of the youth. Illegal exporters are stealing the country's resources, Importing and exporting of goods and services is causing ecological damage, especially the MSMEs that support our country's economy on one hand, and local entrepreneurs are working hard to support them. If illegal goods, illegally imported raw materials, and poor-quality products are imported and compete in the market, all our local entrepreneurs will not be able to compete. Therefore, by strictly combating illegal trade, we will not only help the country's economy but also help ethnic MSME entrepreneurs, and we want officials to understand and increase the fight against illegal trade.

We want officials in the regions and states to understand that combating illegal trade is

See Page - 20

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# PDF အမည်ခံအကြမ်းဖက်သမားများက ကျွန်းလှမြို့နယ်၊ ဆားကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်၍ ကုန်စုံဆိုင်အားမီးရှို့ဖျက်ဆီး



PDF အမည်ခံအကြမ်းဖက်သမားများက ကျွန်းလှမြို့နယ်၊ ဆားကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများက ကုန်စုံဆိုင်အား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

PDF အမည်ခံအကြမ်းဖက်သမားများက ကျွန်းလှမြို့နယ်၊ ဆားကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်၍ ကုန်စုံဆိုင်အား မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။




**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ဆားကျင်းကျေးရွာ အောင်ချမ်းသာကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်အား PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် အားပေးထောက်ခံခြင်း၊ ကူညီထောက်ပံ့ခြင်းမရှိသဖြင့် လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ ဆရာတော်မှာ ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ပြီး အဆိုပါကျောင်းအနီးရှိ ကုန်စုံဆိုင်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီချိန်ခန့်တွင် ဆားကျင်းကျေးရွာရှိ အောင်ချမ်းသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ သက်တော် ၈၅ နှစ် (ဝါတော် ၄၅)သည် ကျောင်းအတွင်း တစ်ပါးတည်းရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများရောက်ရှိလာပြီး ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် အားပေးထောက်ခံခြင်း၊ ကူညီထောက်ပံ့ခြင်းမရှိသဖြင့် လက်နက်ငယ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ရာ ဆရာတော်သည် ဦးခေါင်းကျည်ဖောက်ဝင်ဒဏ်ရာဖြင့် ပျံလွန်တော်မူခဲ့သည်။ ထို့အပြင်အကြမ်းဖက်သမားများသည် အဆိုပါကျောင်းတိုက်အနီးရှိ ကုန်စုံဆိုင်အား ၎င်းတို့၏လုပ်ရပ်များအပေါ် တိုင်ကြားမှုမပြုလုပ်နိုင်ရန် မီးရှို့ဖျက်ဆီးခဲ့ပြီး ကျေးရွာ၏အနောက်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား မထောက်ခံသည့် ကျေးရွာများ၊ လူပုဂ္ဂိုလ်များကို အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ လူနေအဆောက်အဦများ၊ ဈေးဆိုင်များအား မီးရှို့ဖျက်ဆီးမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏လုပ်ရပ်များအပေါ် လွန်စွာစက်ဆုပ်ရွံရှာလျက်ရှိကြောင်းသိရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရွှေဘိုမြို့နယ်၊ ဇီးကုန်းကျေးရွာ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ကိုရင် ၂ ပါးနှင့် ပြည်သူ ၁ ဦး ဖုံးသီးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁ ဦးသေဆုံး





ရွှေဘိုမြို့နယ်၊ ဇီးကုန်းကျေးရွာ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ကိုရင် ၂ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

ရွှေဘိုမြို့နယ်၊ ဇီးကုန်းကျေးရွာ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားများက Drop Bomb များဖြင့်ပစ်ချတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်ပြမြေပုံ။




**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

PDF အမည်ခံအကြမ်းဖက်အဖွဲ့က စစ်ရေးပစ်မှတ်မဟုတ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဇီးကုန်းကျေးရွာရှိ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ပြီး ကိုရင်များ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီလ ၂၆ ရက် ညနေ ၆ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများ မောင်းနှင်လာသည့် Drone ယာဉ်၁ စင်းသည် ရွှေဘိုမြို့နယ်၊ ဇီးကုန်းကျေးရွာ၏ အရှေ့တောင်ဘက် အမြင့်မီတာ ၈၀၀ ခန့်အကွာမှ ပျံသန်းလာပြီး အဆိုပါကျေးရွာရှိမဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ Drop Bomb များဖြင့် ဖြုတ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ဒေသခံပြည်သူ ၁ ဦး သေဆုံးပြီး ကိုရင် ၂ ပါးနှင့် ပြည်သူ ၁ ဦး တို့တွင် ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဖုံးစထိမှန်ဒဏ်ရာရရှိခဲ့သူများအား ကျေးရွာရှိ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံမှုမရှိသည့် ကျေးရွာများကို Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများအား ဥပဒေမဲ့လုပ်ဆောင်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူများ၊ ရဟန်းသံဃာများ သေဆုံး၊ ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး ဒေသခံပြည်သူများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် အလွန်စက်ဆုပ်ရွံရှာလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာတစ်ဝိုက်အား လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကားလမ်းနယ်နိမိတ်များ၊ မီးရထားလမ်းနယ်နိမိတ်များ၊ ရထားလမ်းဖြတ်ကူးဂိတ်များ၊ လမ်းညွှန်း၊ လမ်းအမှတ်အသားများ စနစ်တကျရှိစေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လမ်းအသုံးပြုသူများကို အသိပညာပေးရေး၊ ထိန်းသိမ်းကြပ်မတ်ရေး၊ စစ်ဆေးအရေးယူရေးတို့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယာဉ်များ မောင်းနှင်အသုံးပြုမည့် လမ်းများ၏ ဒီဇိုင်းမှန်ကန်ရေး၊ စံချိန်စံညွှန်း ကိုက်ညီအောင်တည်ဆောက်ရေး၊ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးစသည့် လမ်းအရည်အသွေးဆိုင်ရာ လုပ်ငန်းစဉ်များကို မပျက်မကွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကိုလည်း သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ကြစေရေး ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လမ်းညွှန်း၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ စိုက်ထူထားမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့် (စတုတ္ထ)နေ့နှင့် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင် အဆင့်ပြိုင်ပွဲ (စတုတ္ထ)နေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း (တည်င်းကုန်း)၌ ဆက်လက်ကျင်းပသည်။




မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့်တာဝန်ရှိသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ကိုကိုချစ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက ရန်ကုန်ဂေါက်ကွင်း (တည်င်းကုန်း)သို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင်အားပေးအပ်ရာ ရန်ကုန် ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေက လက်ခံရယူသည်။

ယင်းနောက် ဆုချီးမြှင့်ရာမြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဦးဝင်းမြင့်ချင်းက သက်ကြီးတန်း ဝါသနာရှင်အဆင့် (အသက် ၅၅ နှစ်နှင့်အထက်) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၀ ချက်ဖြင့် တတိယဆုရရှိသော ဦးဝင်းစိန်၊ ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်းက စုစုပေါင်းရိုက်ချက် ၂၂၉ ချက်ဖြင့် ဒုတိယဆုရရှိသော ဦးဆန်းမင်း(မော်လမြိုင်)၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် သက်ကြီးတန်းဝါသနာရှင်အဆင့်အားကစားသမားများဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ရွှေက စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ပထမဆုရရှိသော ဦးကိုကိုအေးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်က ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ဒုတိယဆုရရှိသော ဟိန်းနိုင်ဇင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက စုစုပေါင်းသတ်မှတ်ရိုက်ချက် ၂၈၆ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ ပထမဆုရရှိသော ကောင်းထိုက်ဇော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက ဝါသနာရှင်အဆင့် သက်ကြီးတန်း ပြိုင်ပွဲ ဆုကြေးငွေအား ကူညီပံ့ပိုးပေးပါသော ဦးလှမြင့်ရွှေအား ဂုဏ်ပြုမှတ်တမ်းလွှာအား လည်းကောင်း၊ နာယက ဦးအောင်ကြည်က ပြိုင်ပွဲတစ်ခုလုံးအား ကူညီပံ့ပိုးပေးပါသော Burmese Golf (BG) အား ဂုဏ်ပြုမှတ်တမ်းလွှာအားပေးအပ်ရာ အထွေထွေမန်နေဂျာ ဦးအောင်မြင့်ကျော်ကလည်းကောင်း လက်ခံရယူသည်။

ပြိုင်ပွဲကို ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို Alpine သောက်ရေသန့်၊ Royal D နှင့် Hikari အချိုရည်တို့က ကူညီပံ့ပိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## နေရာကွက်ကျား မိုးရွာနိုင်

၂၈-၂-၂၀၂၅

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# တောင်သူများပူးပေါင်းပါဝင်သည့် နေကြာမျိုးရွေးချယ်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း တက်ရောက်အားပေး



နေပြည်တော် ဖေဖော်ဝါရီ ၂၇

တောင်သူများပူးပေါင်းပါဝင်သည့်နေကြာမျိုးရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ယာသီးနှံဌာနခွဲ ဆီထွက်သီးနှံသုတေသနဌာနစု၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးရေးပညာရှင်များ၊ ပျဉ်းမနား၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိမြို့နယ်တို့မှ တောင်သူ ၅၀ တက်ရောက်ကြသည်။

နေကြာမျိုးရွေးချယ်ပွဲတွင် ဆီထွက်သီးနှံဌာနစု တာဝန်ရှိသူက ပြည်ပမှတင်သွင်းလာသည့် နေကြာမျိုးများ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့်တောင်သူများ စိုက်ကွင်းအတွင်း မျိုးရွေးချယ်ရာတွင် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နေကြာသီးနှံဖြစ်ထွန်းမှုကိုကြည့်၍ သဘာဝဂေဟစနစ် အခြေအနေကောင်းမွန်ခြင်း၊ ပျက်စီးခြင်းအခြေအနေများကို ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း၊ ဂေဟစနစ်ကောင်းမွန်ပါက ပျားနှင့် အခြားသောအကျိုးပြု အင်းဆက်ပိုးကောင်များကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ နေကြာမျိုးမြှင့်တင်ခြင်း လုပ်ငန်းအား ဆောင်ရွက်ရာတွင် နိုင်ငံခြားမှမျိုးများ တင်သွင်းရွေးချယ်ခြင်းနှင့် မျိုးကူးစပ်ရွေးချယ်ခြင်း နည်းလမ်းနှစ်ခုဖြင့် သုတေသနပြု ဆောင်ရွက်လျက်ရှိရာ ယခုသုတေသနပြု စိုက်ပျိုးထားသည့် စိုက်ခင်းသည် ပြည်ပမှ တင်သွင်းလာသည့် မျိုးများအား ရွေးချယ်ခြင်းနည်းလမ်းဖြင့် မျိုးမြှင့်တင်ခြင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့ မျိုးရွေးချယ်ခြင်း သုတေသနအဆင့်ဆင့် ဆောင်ရွက်ရာတွင် တောင်သူ့အကြိုက်ကို အခြေခံကာ မျိုးရွေးချယ်သွားမည်ဖြစ်ခြင်းကြောင့် တောင်သူကြီးများအား ဖိတ်ခေါ်၍ ပညာရှင်များနှင့် ပါဝင်ရွေးချယ်စေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်တောင်သူကြီးများက စိုက်ပျိုးပြသထားသော ပြည်ပနေကြာမျိုးများကို ကြည့်ရှုလေ့လာကြပြီး ပထမအကြိုက်အများဆုံးမျိုးနှင့် ဒုတိယအကြိုက်အများဆုံးမျိုးတို့ကို စိတ်ကြိုက်ရွေးချယ်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တောင်သူများက ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံဝင်းအတွင်း စိုက်ပျိုးထားသည့် ပြည်ပနေကြာမျိုးများကို ကြည့်ရှုလေ့လာပြီး ကြိုက်နှစ်သက်သည့် မျိုးများကို ရွေးချယ်ခဲ့ကြကာ ပြည်ပနေကြာမျိုးများမှထွက်ရှိသော ဝတ်မှုန်များကိုစုဆောင်း၍ ပြည်တွင်း၌ စိုက်ပျိုးလျက်ရှိသည့် ဆင်းရွှေကြာ(၂)ကို မျိုးကူးစပ်ခြင်းသုတေသနအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# (၄၇) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မလေးရှားနိုင်ငံ ဂျဟိုးမြို့ ဒါဆာရုန်၌ ဖေဖော်ဝါရီလ၂၄ ရက်မှ ၂၅ ရက်ထိ ကျင်းပသည့် (၄၇) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေး (Forty-Seventh Meeting of the High-level Task Force on ASEAN Economic Integration-47th HLTF-EI) သို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် (HLTF-EI Lead) ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းစီးပွားရေး ဖြစ်ပေါ်တိုးတက်မှုများ၊ ၂၀၂၅ ခုနှစ် မလေးရှားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ (Priority Economic Deliverables – PEDs)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) လမ်းပြမြေပုံ-၂၀၂၅ ၏ အပြီးသတ်ကာလသုံးသပ်ချက် ဆောင်ရွက်မှုများ၊ အာဆီယံဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်သည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအေအီးစီ မဟာဗျူဟာလုပ်ငန်းစီမံချက် ၂၀၂၆-၂၀၃၀ ရေးဆွဲမှု၊ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် (၃၁) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးသို့တင်ပြမည့် အကြံပြုချက်များအပေါ် ဆွေးနွေးညှိနှိုင်းကြသည်။

ဒုတိယဝန်ကြီးက လက်ရှိကမ္ဘာ့စီးပွားရေးမူဝါဒအပြောင်းအလဲများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကြောင့် အာဆီယံဒေသတွင်း ဖြစ်ပေါ်လာနိုင်သော အခြေအနေများကို အလေးထားဆောင်ရွက်ရန်၊ ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရေး အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ၂၀၂၅ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များကို အချိန်မီပြီးစီးရန်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် အတွက် အာဆီယံ၏မဏ္ဍိုင်များအကြား၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရန်၊ ကောင်းမွန်သော စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်း၍ နိုင်ငံများ၏ အတွေ့အကြုံများကို မျှဝေပေးရန်၊ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲနေမှုအား အပြီးသတ်ဆောင်ရွက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီမံချက်များချမှတ်ရာတွင် ညီညွတ်မျှတမှုရှိစေရေးနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းရေးအတွက် အားလုံးပါဝင်နိုင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန အတွင်းရေးမှူးချုပ် H.E. Dato' Hairil Yahri Yaacob က အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံနိုင်ငံများ၏ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များဖြင့် ဖွဲ့စည်းထားပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း၏ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်း၍ အာဆီယံစီးပွားရေးဝန်ကြီးများထံ အကြံပြုချက်များတင်ပြခြင်းကို ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

# (၃၆) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းသူ တက်ရောက်အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၃၆) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန ရေဆင်း၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အငြိမ်းစား သစ်တောအရာရှိကြီးများ၊ သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များ၊ Naypyitaw State Academy၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များနှင့် သုတေသီများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သုတေသနစာတမ်းရှင်များ၏ ပိုစတာများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ သုတေသနစာတမ်းရှင်အသီးသီးက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက သုတေသနကဏ္ဍ/နယ်ပယ်အလိုက်အလေးထားဆောင်ရွက်ရမည့်အချက်များကို မှာကြားသည်။

(၃၆) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို သစ်တောဦးစီးဌာန သစ်တောသုတေသနဌာနမှကြီးမှူး၍ဖေဖော်ဝါရီလ ၂၇ ရက်မှ ၂၈ ရက်ထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။ စာတမ်းဖတ်ပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းနှင့် သစ်တောသုတေသနဌာနတို့မှ ပညာရှင်များက စာတမ်းပေါင်း ၂၉ စောင်အား တင်သွင်းဖတ်ကြားသွားမည်ဖြစ်သည်။

သုတေသနစာတမ်းဖတ်ပွဲအစီအစဉ်တွင် သဘာဝတောများ စီမံအုပ်ချုပ်ခြင်းနှင့် စိုက်ပျိုးပြုစုခြင်း၊ ကာဗွန်သိုလှောင်ခြင်းဆိုင်ရာ စာတမ်းများ၊ ဇီဝမျိုးစုံမျိုးကွဲလေ့လာဆန်းစစ်ခြင်းဆိုင်ရာစာတမ်းများ၊ သစ်ဂုဏ်သတ္တိနှင့် သစ်အသုံးချခြင်းဆိုင်ရာ စာတမ်းများ၊ ရေနှင့်မြေအရည်အသွေး လေ့လာဆန်းစစ်ခြင်းဆိုင်ရာစာတမ်းများ၊ သတ္တုကဏ္ဍဆိုင်ရာစာတမ်းများ၊ တစ်သျှူးမျိုးပွားခြင်းနှင့် မျိုးရိုးဗီဇဆန်းစစ်ခြင်းဆိုင်ရာ စာတမ်း၊ RS/GIS ကိုအသုံးပြု၍ သစ်တောဖုံးလွှမ်းမှုအား လေ့လာဆန်းစစ်ခြင်းနှင့်လူမှုစီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာစာတမ်းများအလိုက် ကဏ္ဍခွဲ၍ သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာယဉ်မောင်မောင်၊ ပါမောက္ခ(ဌာနမှူး)
ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

အခြေခံပညာအဆင့် စနစ်သစ်ပညာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ် KG + 12 အရ Grade 12 အတန်းသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေနဲ့ ဒုတိယနှစ်မြောက် ကြုံတွေ့ရခြင်းဖြစ်ပါသည်။ ဤအတန်းသည် အဆင့်မြင့်ပညာရပ်များ၏ အခြေခံအချက်အလက်များကို မိတ်ဆက်ပေးရမည်ဖြစ်သည့်အတွက် ဘာသာရပ်တစ်ခုစီ၏ သဘောတရားအသေးစိတ်ကို လေ့လာရမည်ဖြစ်ပါသည်။ ပထမဦးဆုံးအနေဖြင့် Grade 12 ရူပဗေဒဘာသာရပ် Text book တွင် အဓိကအားဖြင့် Mechanics, Energy, Electricity & Magnetism နဲ့ Modern Physics ဆိုပြီး အပိုင်း (၄)ပိုင်း ခွဲထားပြီး အဆိုပါ အပိုင်း (၄) ပိုင်းအတွက် သင်ခန်းစာ အခန်း(၁၃)ခန်း ပါရှိပါသည်။

Mechanics အပိုင်းမှာတွင် Chapters 3 ခု သင်ကြားရမှာဖြစ်ပြီး Chapter (1) Rotational Motion, Chapter (2) Forces in Circular Motion နှင့် Chapter (3) Fluid Dynamics တို့ဖြစ်သည်။

အသေးစိတ်ပြောရလျှင် Chapter (1) သည် Rotational Motion အခန်းဖြစ်ပြီး Rotational motion under constant angular acceleration (ကိန်းသေထောင့်ပြောင်းအရှိန်ဖြင့် လည်ပတ်ရွေ့လျားခြင်း)၊ Relations between the linear and rotational quantities (မျဉ်းဖြောင့်အတိုင်းရွေ့ခြင်းနှင့် ထောင့်ပြောင်းရွေ့ခြင်းတို့၏ မတ္တာများဆက်စပ်မှုများ) နှင့် Centripetal acceleration (ဗဟိုချဉ်းရှိန်) စသည့်အပိုင်းများ အဓိကပါဝင်ပါသည်။

Chapter (2) Forces in Circular Motion ဆိုသည့်ခေါင်းစဉ်တွင် စက်ဝိုင်းပုံပတ်လမ်းနှင့် လည်ပတ်နေသောဝတ္ထုများအပေါ် သက်ရောက်နေသည့် အားများရဲ့အကြောင်းကို လေ့လာ ရမှာဖြစ်ပါသည်။ Causes of centripetal forces(ဗဟိုချဉ်းရှိန်ကြောင့် ဖြစ်ပေါ်စေသော အားများ)၊ Centripetal and centrifugal forces(ဗဟိုချဉ်းအားနှင့် ဗဟိုခွာအား) ဆိုပြီး အပိုင်း(၂) ပိုင်း ပါဝင်ပါသည်။ စက်ဝိုင်းပုံရွေ့လျားမှုတွင် မတူညီသော အား နှစ်ခုရှိသည်။ Centripetal force (ဗဟိုချဉ်းအား) နှင့် centrifugal force (ဗဟိုခွာအား) တို့ဖြစ်ပြီး ဗဟိုချဉ်းအားသည် စက်ဝိုင်း၏ ဗဟိုဆီသို့ ဝတ္ထုရွေ့နေသော လမ်းကြောင်းမှ သက်ရောက်သောအားဖြစ်ပြီး ဗဟိုခွာအားသည် ဗဟိုဆီမှ ဝေးရာဘက်သို့ သက်ရောက်နေသလို ထင်ရသောအားဖြစ်သည်။ ဗဟိုချဉ်းအား (Centripetal force) အတွက် ဥပမာများမှာ ကမ္ဘာပတ်လမ်းတွင်ရှိနေသော လအပေါ် သက်ရောက်နေသည့် ကမ္ဘာ၏ဒြပ်ဆွဲအား၊ နေကိုလှည့်ပတ်နေသော ဂြိုဟ်များပေါ်တွင် သက်ရောက်နေတဲ့ နေ၏ဒြပ်ဆွဲအား၊ နယူကလိယကို လှည့်ပတ်နေသော အီလက်ထရွန်အပေါ် သက်ရောက်နေသော နယူကလိယ၏ လျှပ်စစ်အားတို့ဖြစ်ကြပါသည်။ Centripetal Force ကို ဖြစ်စေသော အားအမျိုးမျိုးကိုလည်း ဥပမာများနှင့်လေ့လာနိုင်ပါသည်။

Chapter (3) Fluid Dynamics အခန်းမှာဆိုရင် Laminar flow and Turbulent flow, Equation of Continuity for Fluids, Bernoulli's Equation, Bernoulli's Theorem နှင့် ၎င်း၏ အသုံးပြုပုံများ, Viscosity နှင့် Surface Tension and Capillarity အပိုင်းများ အဓိကပါဝင်ပါသည်။ Fluid Dynamics ဆိုသည်မှာ အရည်နှင့် အငွေ့များအပေါ် သက်ရောက်သည့်အားများကို လေ့လာသည့်ပညာရပ်ဖြစ်ပါသည်။ Fluid တွေရဲ့ ရွေ့လျားမှုနှစ်ခုဖြစ်သော laminar flow (ပြေပြစ်စီးကြောင်း) နှင့် turbulent flow (ဝဲဂယက်စီးကြောင်း) ကိုလေ့လာရပါမည်။ Continuity equation နှင့် Bernoulli's equation တို့ကိုအသုံးပြုပြီး အရည်တွေ၏ ရွေ့လျားမှုကို လေ့လာရပါမည်။ ၎င်းအပြင် viscosity ဟုခေါ်သော စေးပျစ်မှုသည် Fluid များအတွက် အခြေခံကျသည့် parameter တစ်ခုဖြစ်ပါသည်။ ၎င်းသည် intermolecular force ကြောင့်ဖြစ်ပေါ်ပြီး အရည်အတွက်ကတော့ temperature မြင့်လေလေ viscosity ကျလေလေဖြစ်ပြီး အငွေ့အတွက်ဆိုရင်တော့ temperature မြင့်လေလေ viscosity မြင့်လေလေဖြစ်ပါသည်။ ထို့ပြင် အရည်တစ်ခု၏ Surface tension (မျက်နှာပြင်တင်းအား)နှင့် Capillarity (ဆံခြည်ပြွန်သက်ရောက်မှု) တို့ကိုလည်း လေ့လာရပါမည်။

Energy အပိုင်းတွင်မူ အခန်း (၅) ခန်းခွဲပြီး လေ့လာရပါမည်။ Chapter (4) Sources of Energy and Environmental Impacts, Chapter (5) Heat Transfer and Thermodynamics, Chapter (6) Effects and Characteristics of Sound, Chapter (7) Applications of Light and Optical Instruments နှင့် Chapter (8) Interference and Diffraction of Light တို့ဖြစ်သည်။

Chapter (4) Sources of Energy and Environmental Impacts ဆိုသည့်ခေါင်းစဉ်အောက်တွင် Energy demand and crisis(စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်အကျပ်အတည်း)၊ Renewable energy (ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်)နှင့် Non-renewable energy (ပြန်လည် မပြည့်ဖြိုးနိုင်သောစွမ်းအင်)၊ Environmental Impacts and Consequences (ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုများနှင့် အကျိုးဆက်များ) စသောအပိုင်းများ အဓိကပါဝင်ပါသည်။ ယခုမျက်မှောက်ခေတ်တွင် ရေပန်းစားသည့် Renewable energy များဖြစ်သော Solar energy, Wind energy, Hydro energy, Tidal energy, Geothermal energy နှင့် Biomass တို့ရဲ့ အကြောင်းကိုလည်း လေ့လာရမည်ဖြစ်သည်။

Non-Renewable energy sources များဖြစ်သော coal, natural gas, crude oil နှင့် nuclear fuel တို့ကိုလည်း လေ့လာရပါမည်။ Renewable energy များထဲမှာ တစ်ခုအပါအဝင်ဖြစ်သော solar energy ကို လေ့လာနိုင်ရန်အတွက် solar technology ကို သိရမှာဖြစ်ပါသည်။

Chapter (5) သည် Heat Transfer and Thermodynamics အခန်းဖြစ်ပြီး Modes of Heat transfer, Thermodynamics Processes နှင့် Heat engines အပိုင်းတို့ အဓိကပါဝင်ပါသည်။ သာမိုဒိုင်းနမစ်ဆိုသည်မှာ အပူစွမ်းအင်သုံးအင်ဂျင်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတုဆိုင်ရာ ဓာတ်ပြုခြင်း ပြိုကွဲခြင်းနှင့် ရေခဲသေတ္တာကဲ့သို့သော အသုံးချပစ္စည်းများ စသည်တို့တွင် အလွန်အသုံးဝင်ပြီး အခြေခံကျသော ပညာရပ်ဖြစ်ပါသည်။

Chapter (6) Effects and Characteristics of Sound သည် အသံနှင့်သက်ဆိုင်သော အခန်းဖြစ်သည်။ Propagation of Sound in a Medium (ကြားခံနယ်တစ်ခုအတွင်း အသံပျံ့နှံ့သွားခြင်း)၊ Echo (ပဲ့တင်သံ)၊ Audibility (ကြားနိုင်ခြင်း)၊ the Doppler Effect (ဒေါ့ပလာအကျိုး)၊ Properties of Sound Wave (အသံလှိုင်း၏ဂုဏ်သတ္တိများ) စသည့်အပိုင်းများ ပါဝင်ပါသည်။ ထိုအခန်းအတွက် အသံလှိုင်း၏ဂုဏ်သတ္တိများနှင့် ၎င်းတို့၏ effects များကို ဖော်ပြပါမည်။

Pitch (အသံအနိမ့်အမြင့်)သည် အသံလှိုင်းတွေရဲ့ ကြိမ်နှုန်း (frequency) နှင့် ဆုံးဖြတ်ခြင်းဖြစ်၍ ကြိမ်နှုန်းကြီးလေလေ အသံမြင့်လေလေဖြစ်ပြီး melody နဲ့ harmony ဖြစ်မှုအပေါ် လေးနက်စွာ သက်ရောက်မှုရှိပါသည်။ Loudness (အသံကျယ်လောင်မှု) သည် အသံထုတ်လွှတ်သည့် လှိုင်း၏ amplitude (လွှဲခွင်) ပေါ်မူတည်ပြီး လွှဲခွင်ကြီးလေ အသံကျယ်လေဖြစ်သည်။ အသံလှိုင်း၏ amplitude နှစ်ဆကြီးလျှင် အသံလေးဆပိုကျယ်ပါသည်။ ဂီတနှင့် အခြားအသံများ၏ Loudness သည် intensity (ပြင်းအား) နှင့် emotional response (စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှု)အပေါ် လွှမ်းမိုးမှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ (ဆိုလိုသည်မှာ ကျယ်လောင်စွာ ပေါက်ကွဲသံများက အံ့အားသင့်ခြင်း သို့မဟုတ် စိတ်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေနိုင်သည်။)

အသံ၏ "tone colour" သို့မဟုတ် "quality" ဟုခေါ်လေ့ရှိသော Timbre သည် pitch (အသံအနိမ့်) နှင့် loudness (ကျယ်လောင်မှု) ခြင်းလည်းတူသည့် ကွဲပြားတဲ့တူရိယာပစ္စည်းနှစ်ခုမှ ထွက်လာသည့် အသံများအကြား ခွဲခြားနိုင်စေသည့်အရာဖြစ်သည်။

အသံတစ်ခု၏ duration (ကြာချိန်) သည် တေးဂီတ၊ စကားသံနှင့် အသံဒီဇိုင်း၏ rhythm (စည်းချက်) နှင့် flow of sound (အသံ၏စီးဆင်းမှု) ကိုလွှမ်းမိုးနိုင်ခြင်းဖြစ်ပါသည်။

Chapter 7 အခန်းသည် Applications of Light and Optical Instruments ဖြစ်ပြီး key factors များနှင့် ၎င်းတို့၏ application များကို ဖော်ပြထားပါသည်။

Camera သည် ရုပ်ပုံများကို ဖမ်းယူသိမ်းဆည်းခြင်း (image capture) ပြုလုပ်ရာတွင် အသုံးပြုသည်။ Microscopes သည် သာမန်မျက်စိဖြင့် မမြင်နိုင်သော သေးငယ်သည့် အစိတ်အပိုင်းများကို ချဲ့ထွင်နိုင်စွမ်းရှိသောကြောင့် ဇီဝဗေဒနှင့် သိပ္ပံပညာရပ်များ လေ့လာခြင်း (Magnification for biological and material studies) တွင် အသုံးပြုသည်။ Telescopes များကို ဝေးသောနေရာရှိ အရာဝတ္ထုများကို ကြည့်ရန်အသုံးပြုပြီး နက္ခတ္တဗေဒနှင့် အာကာသစူးစမ်းလေ့လာခြင်းအပြင် မြေပြင်လေ့လာခြင်း (Astronomical and terrestrial observation) တို့အတွက် အသုံးပြုသည်။ Lasers ကို စက်မှုလုပ်ငန်းတွင် သတ္တုများကို ဖြတ်ရန်အပြင် သတ္တုမျက်နှာပြင်တွင် တန်ဖိုးအတိအကျဖြင့် အပေါက်များဖောက်ရန် (Precision cutting) အတွက်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ ခွဲစိတ်မှုများ (medical surgeries) တွင်လည်းကောင်း၊ fiber optics cable ကြိုးများမှတစ်ဆင့် အလွန်ဝေးကွာသောနေရာများသို့ သတင်းအချက်အလက်များပေးပို့ရန် (communication) အတွက်လည်းကောင်း အသုံးပြုပါသည်။ data များပေးပို့ခြင်း(Data transmission) ကို Fiber Optics နည်းပညာဖြင့် ပြုလုပ်နိုင်ပါသည်။ Spectrometers များသည် အလင်းမှတစ်ဆင့် အရာဝတ္ထုများတွင် ပါဝင်ဖွဲ့စည်းမှုကို ခွဲခြမ်းစိတ်ဖြာခြင်း (Analyzing light for material composition) တွင် မရှိမဖြစ်လိုအပ်သည်။ Glasses/Contact Lenses နှစ်ခုစလုံးသည် မျက်လုံးထဲသို့ အလင်းဝင်ရောက်သည့် လမ်းကြောင်းကို ပြုပြင်ပေးခြင်းဖြင့် ကြည်လင်ပြတ်သားသောပုံရိပ်ကို ရရှိစေရန် (Vision correction) အတွက် အသုံးပြုပါသည်။ Projector များကို ပရိသတ်အများအပြားအား ရုပ်ပုံနှင့်ဗီဒီယိုပြသရာတွင် (Image and video display) အဖြစ် အသုံးပြုသည်။

Chapter (8) Interference and Diffraction of Light အခန်းတွင် Huygens' principle (ဟိုင်ဂင်းနိယာမ)၊ interference of light (အလင်းလှိုင်းထပ်ခြင်း)၊ diffraction of light (အလင်းကွေ့ခြင်း)၊ diffraction grating (အလင်းကွေ့ grating) စသော အပိုင်းများ ပါဝင်သည်။

Interference of light ဆိုသည်မှာ လှိုင်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လှိုင်းများထပ်ခြင်း (Overlapping waves) ဖြင့် အလင်းစွမ်းအင် (ပြင်းအား) ဖြန့်ဝေမှု ပြုပြင်ပြောင်းလဲခြင်းကိုဆိုလိုသည်။ Path difference (လမ်းကြောင်းခြားနားခြင်း)သည် လှိုင်းအလျား($\lambda$) ကိန်းပြည့်အဆဖြစ်လျှင် Constructive interference (အားဖြည့် အလင်းလှိုင်းထပ်ခြင်း) ကိုဖြစ်စေပြီး အလင်းစင်း (Bright fringe)ကို ဖြစ်ပေါ်စေသည်။ လှိုင်းအလျား($\lambda$) ကိန်းဝက်အဆဖြစ်လျှင် Destructive interference (အဖျက်လှိုင်းထပ်ခြင်း)ကို ဖြစ်ပေါ်စေပြီး အမှောင်စင်း (dark fringe) ကိုဖြစ်စေသည်။ Diffraction of light (အလင်းကွေ့ခြင်း) အပိုင်းတွင် အလင်းကွေ့ခြင်းအမျိုးအစားနှစ်ခုဖြစ်တဲ့Fresnel diffraction နဲ့ Fraunhofer diffraction အကြောင်းကို ဖော်ပြထားပါတယ်။ Fraunhofer diffraction ဖြစ်သော Diffraction of Single Slit (ဟပေါက်တစ်ခုဖြင့် အလင်းကွေ့ခြင်း) အကြောင်းကိုလည်း လေ့လာရမှာဖြစ်သည်။ Diffraction grating ဆိုသည်မှာ အလင်းပိတ်ပစ္စည်းပေါ်တွင် အစိပ်အကျဲတူပြိုင်နေသော အလင်းဝင်ပေါက်အမြောက်အမြားပါဝင်တဲ့ optical device ဖြစ်ပြီး ၎င်းကို ရောင်စဉ်ကြည့်ကိရိယာများနှင့် အရာဝတ္ထုတစ်ခုအတွင်း atom နှင့် molecule များပါဝင်မှုကိုလေ့လာသည့်အခါတွင် အသုံးပြုကြောင်း သိရှိနိုင်ပါသည်။

Electricity & Magnetism အပိုင်းတွင် အခန်း (၃) ခန်း (3 chapters) ပါရှိပါသည်။ Chapter (9) Capacitor and Capacitance, Chapter (10) Electrical Energy, Power and Heating Effect of Electric Current နှင့် Chapter (11) Electromagnetic Induction, Generation and Distribution of Electricity တို့ပါဝင်သည်။

Chapter (9) Capacitor and Capacitance တွင် capacitor အမျိုးမျိုး၏ တည်ဆောက်ထားပုံနှင့် ၎င်းတို့၏အသုံးပြုပုံများကို လေ့လာရမှာဖြစ်ပါသည်။ Parallel-plate capacitor အကြောင်းနှင့် capacitance ပုံသေနည်းတွက်ထုတ်ခြင်း၊ capacitor တစ်လုံး သိုလှောင်ထားသော လျှပ်စစ်စွမ်းအင်တွက်ထုတ်ခြင်းအကြောင်းနှင့် လျှပ်စစ်သိုလှောင်ခြင်း၊ ပြန်လည်ထုတ်ပေးခြင်း (Charging and Discharging) အကြောင်းအရာများလည်း လေ့လာသိရှိနိုင်ပါတယ်။ Capacitor များကို series ဆက်ခြင်းနှင့် parallel ဆက်ခြင်းတို့ကြောင့် ရရှိလာသော capacitance တန်ဖိုးများကိုလည်း လေ့လာရပါမည်။ စာမျက်နှာ ၂၆ သို့ ◆

◆ စာမျက်နှာ ၂၅ မှအဆက်

Chapter (10) Electrical Energy, Power and Heating Effect of Electric Current အခန်းတွင် Electromotive Force and Electric Currents (လျှပ်စစ်တွန်းအားနှင့် လျှပ်စီးပတ်လမ်းများ)၊ Batteries in Series and Parallel (ဘက်ထရီများကို တန်းဆက်ဆက်ခြင်းနှင့် ပြိုင်ဆက်ဆက်ခြင်း)၊ Electrical Energy and Electrical Power (လျှပ်စစ်စွမ်းအင်နှင့် လျှပ်စစ်စွမ်းအား)၊ Joule's Law of Electricity and Heat နဲ့ Some Applications of Heating Effect of Current (လျှပ်စီးကြောင့်ဖြစ်ပေါ်တဲ့ Heating Effect ကို အသုံးချမှုတချို့) စတဲ့အပိုင်းများ ပါဝင်သည်။

Electromotive Force (emf) ဆိုသည်မှာ လျှပ်စစ်တစ်ယူနစ်ကို ပတ်လမ်းတစ်ပတ်ပြည့်ရွေ့သွားနိုင်ဖို့ battery ကပေးရတဲ့ စွမ်းအင်ဖြစ်ပါသည်။ Electromotive Force and Electric Currents အပိုင်းတွင် Electromotive Force ကို ဖြစ်စေတဲ့ Source များ (ဥပမာ- battery, generator)၊ ၎င်းတို့၏အဓိကလုပ်ဆောင်ချက် (main function) များနဲ့ လျှပ်စီးပတ်လမ်း equation အစရှိတဲ့ အကြောင်းအရာများကို လေ့လာရပါမည်။ emf source တစ်ခုဖြစ်သည့် battery များကို series ဆက်ခြင်း၊ parallel ဆက်ခြင်းမှ emf တန်ဖိုးတိုးခြင်း၊ လျော့ခြင်းများကိုလည်း Batteries in Series and Parallel အပိုင်းတွင် လေ့လာနိုင်ပါသည်။ Electrical Energy and Electrical Power အပိုင်းမှာတွင် electrical energy ဆိုသည်မှာ emf source တစ်ခုခုကထုတ်ပေးသည့် စွမ်းအင်တစ်မျိုးဖြစ်ပြီး electrical energy ကို အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက resistor တစ်ခုကိုဖြတ်ပြီး လျှပ်စစ်ကိုသယ်ယူရာတွင် battery က ပြုလုပ်သောအလုပ်ဖြစ်ပါသည်။ Electrical power ဆိုသည်မှာ electrical energy ကို distribution လုပ်ပေးတဲ့နှုန်းဖြစ်ပါသည်။ Joule's Law of Electricity and Heat ကတော့ resistor တစ်ခုအတွင်း current ဖြတ်စီးသွားသောကြောင့် ဖြစ်ပေါ်လာတဲ့အပူပမာဏသည် current တန်ဖိုး နှစ်ဆ၊ resistance တန်ဖိုး၊ resistor အတွင်းဖြတ်သွားသော ကြာချိန်တို့နှင့် တိုက်ရိုက်အချိုးကျပါသည်။ Joule's Law မှ တစ်ဆင့် လျှပ်စစ်စွမ်းအင်နှင့် အပူစွမ်းအင်ဆက်စပ်မှုကို လေ့လာနိုင်ပါသည်။ ယနေ့ခေတ် နေ့စဉ်ဘဝတွင် အသုံးပြုနေသော လျှပ်စစ်မီးဖို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်ရေနွေးအိုး စသည့် ပစ္စည်းများမှာ လျှပ်စီးကြောင်းကြောင့် ဖြစ်ပေါ်လာသော electrical energy ကနေ heat energy ကို ပြောင်းပေးခြင်းဖြစ်တဲ့အတွက် ၎င်းတို့သည် heating effect ကို ဖြစ်စေတဲ့ပစ္စည်းများဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။

Chapter (11) ဖြစ်သော Electromagnetic Induction, Generation and Distribution of Electricity အခန်းတွင် Electric Current အပိုင်း၌ Alternating Current (AC)နှင့် Direct Current (DC) အကြောင်း၊ AC လျှပ်စီးကြောင်း ထုတ်ယူနည်း (AC generation), Electromagnetic Induction အပိုင်းတွင် Faraday ၏ induced current လက်တွေ့စမ်းသပ်ချက်များ၊ magnetic flux နှင့် magnetic flux density အကြောင်းများ၊ ပြန်လှန်လျှပ်စီးရဲ့ပမာဏကို Faraday's law နဲ့ စဉ်းစားပုံနှင့် ပြန်လှန်လျှပ်စီးရဲ့ ဦးတည်ဘက်ကို Lenz's law နဲ့ စဉ်းစားပုံ၊ electromagnetic induction (လျှပ်စစ်သံလိုက် ညှို့ခြင်း) ဖြစ်စဉ်ကို အသုံးပြုထားသော induction coil၊ AC generator နှင့် Transformer အကြောင်းများ၊ Power transmission အပိုင်းတွင် power station များမှ စက်ရုံနှင့်နေအိမ်များသို့ လျှပ်စီးပို့လွှတ်ရာ လမ်းတွင် power ဆုံးရှုံးမှုမရှိစေရန်အလို့ငှာ current တန်ဖိုးကို အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန်အတွက် transformer များကို အသုံးပြုပြီး လျှပ်စစ်စွမ်းအားဖြန့်ဝေမှုပုံစံကိုလည်း လေ့လာရပါမည်။ Principle of House Wiring အပိုင်းတွင် အိမ်တွင်းသုံး လျှပ်စစ်ပတ်လမ်း (၃) မျိုးအကြောင်း၊ Circuit breaker နှင့် Earthing အကြောင်းများပါဝင်ပြီး Dangers of Electricity အပိုင်းတွင် လျှပ်စစ်အန္တရာယ် ဖြစ်နိုင်ခြေရှိသော damaged insulation ၊ overheating of cables နှင့် damp condition အကြောင်းအရာများအပြင် လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲဖြတ်စီးသော လျှပ်စစ်ပမာဏအရ ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများကိုလည်း ဖော်ပြထားပါသည်။

Modern Physics အပိုင်းတွင် Chapter ၂ ခု ပါဝင်သည်။ Chapter (12) Digital Electronics and Communication System နှင့် Chapter (13) Modern Physics တို့ဖြစ်သည်။

Chapter (12) Digital Electronics and Communication System အခန်းတွင် Electronic System အပိုင်း၌ electronic devices များဖြစ်သော Zener diode၊ LED၊ Photodiode၊ LDR၊ Thermistor နှင့် LCD တို့၏ အလုပ်လုပ်ပုံများနှင့် အသုံးပြုပုံများကို လေ့လာရပါမည်။ Digital Electronics အပိုင်းတွင် 0 (LOW) နှင့် 1(HIGH)စသည့် Binary data နှစ်မျိုးနှင့်သာ အလုပ်လုပ်သော Logic gates များ၏ function များ၊ Boolean Algebra ၏ အခြေခံနိယာမများ၊ De Morgan's theorem၊ မီးသတိပေးစနစ်ကဲ့သို့သော Logic gates များပေါင်းစပ်၍ processors များပြုလုပ်ပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာရပါမည်။ Basic Electronic Communication အပိုင်းတွင် analog, digital, wired (line) နှင့် wireless ဆက်သွယ်ရေးနည်းလမ်းများအပြင် modulation နှင့် demodulation အကြောင်းအရာများကို လေ့လာနိုင်ပါသည်။

Chapter (13) Modern Physics အခန်းသည် Grade – 12 ရူပဗေဒဘာသာရပ်ရဲ့ နောက်ဆုံးအခန်းလည်းဖြစ်ပါသည်။ ဒီအခန်းမှာ အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ Nuclear Physics၊ Quantum Mechanics နဲ့ Special theory of relativity တို့ဖြစ်ပါသည်။

Nuclear Physics အပိုင်းတွင် radioactivity (ရေဒီယိုသတ္တိကြွခြင်း)၊ radioisotope များအကြောင်းနှင့် ၎င်းတို့၏အသုံးပြုပုံများအပြင် nuclear energy အကြောင်းတို့လည်း ပါရှိပါသည်။ Nuclear reaction တွင် ကြီးမားသောစွမ်းအင်ပမာဏကို ထုတ်လုပ်ပေးနိုင်သော fission reaction အကြောင်းကို ဖော်ပြထားပြီး nuclear reactor အကြောင်းနှင့် nuclear reactor တည်ဆောက်ရာတွင် လိုအပ်သော အရေးကြီးသည့် အစိတ်အပိုင်းများကိုလည်း လေ့လာနိုင်ပါသည်။ Nuclear energy ထုတ်လုပ်ရာတွင် မရှိမဖြစ်အရေးပါသော Uranium-235 (သို့) Plutonium-239 တို့၏ fission reaction အကြောင်းနှင့် စွန့်ထုတ်လိုက်သော radioactive waste များကြောင့် ဖြစ်ပေါ်လာသော environmental impacts များအကြောင်းကိုလည်း ဆွေးနွေးထားပါသည်။

Quantum Mechanics အပိုင်းတွင် wave-particle dual nature နှင့် quantization of angular momentum in theory of hydrogen atom များအကြောင်းကို ထည့်သွင်းဖော်ပြထားပါသည်။ ရူပဗေဒဘာသာရပ်၏ အနှစ်သာရတစ်ခုဖြစ်သော special theory of relativity ၏ အခြေခံနိယာမဖြစ်သော Einstein's Postulates၊ Einstein's theory of relativity ရဲ့ အကျိုးဆက်များကိုလည်း Modern Physics ၏ အပိုင်းတစ်ပိုင်းအနေဖြင့် လေ့လာသိရှိနိုင်ပါသည်။


Grade – 12 သည် 2023 – 2024 ပညာသင်နှစ်မှစပြီး matriculation examination နှင့် completion examination နှစ်မျိုးစလုံးတွင် မေးခွန်းပုံစံအသစ်ဖြင့် စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။ အမှတ် (၁၀၀)ဖိုး ဖြေဆိုရပါမည်။ Section(A) နှင့် Section(B) ဟူ၍ (၂)ပိုင်းခွဲထားရာ Section(A) အပိုင်းတွင် အမှတ် (၄၀) ဖိုး ဖြေဆိုရမှာဖြစ်ပြီး Section (B) အပိုင်းတွင်မူ အမှတ် (၆၀) ဖိုး ဖြေဆိုရမည် ဖြစ်သည်။ Section(A) အမှတ် (၄၀) ဖိုး အပိုင်းတွင် Answer All Questions ဖြစ်သည်။ မေးခွန်း No.(1) သည် True or False ရွေးချယ်ရပါမည်။ (၁)မှတ်တန် (၁၀)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No.(2) သည် Fill in the blanks ဖြစ်ပြီး (၁) မှတ်တန် မေးခွန်း (၁၅)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No.(3) သည် Multiple Choice Questions (MCQs)များဖြစ်ပြီး ရွေးချယ်စရာ (၃)ခုမှ Correct answer (၁)မျိုးတည်းကိုသာ ရွေးပေးရပါမည်။ (၁) မှတ်တန် (၁၅)ပုဒ် ဖြေဆိုရမှာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Section (A) Answer All Questions မှာ အမှတ် (၄၀) ဖိုး မေးထားပြီး (၄၀) မှတ်ဖိုးလုံး ဖြေဆိုရမှာဖြစ်ပါသည်။ Section (B) အပိုင်းတွင် (၁၅) မှတ်တန် မေးခွန်း(၆)ပုဒ် မေးထားပြီး (Answer Any **Four** Questions) ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်သည့်အတွက် Section (B) အပိုင်းသည် အမှတ် (၆၀)ဖိုး ဖြေဆိုရပါမည်။ Section (B) တွင် အပုဒ်တိုင်း၌ (a), (b) ဆိုပြီး ပါရှိပြီး နံပါတ် (a) သည် (၇) မှတ်တန် မေးခွန်းဖြစ်ပြီး နံပါတ် (b) သည် (၈) မှတ်တန် မေးခွန်းဖြစ်ပါသည်။

မေးခွန်းတွင် Grade – 12 Text Book ထဲမှ Theory, Problems and Diagrams များကို အချိုးကျထည့်သွင်းမေးပါမည်။ မေးခွန်း၌ စုစုပေါင်းအမှတ် (၁၃၀)ဖိုး မေးထားသော်လည်း အမှတ် (၁၀၀) ဖိုးသာ ဖြေဆိုရမည်ဆိုသည်ကို သတိပြုရန်လိုအပ်ပါသည်။ Text Book တွင်ပါရှိသော အခန်းများအားလုံး နားလည်သဘောပေါက်မှသာ မေးခွန်းအားလုံးကို ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားဗဟိုပြုချဉ်းကပ်သင်ယူနည်းကို ဦးတည်ထားသည့်အတွက် အလွတ်ကျက်မှတ်ခြင်းကို ရှောင်ရှားပြီး အတွေးအခေါ် အယူအဆအပိုင်းများကိုသာ ဦးစားပေးမေးသွားပါမည်။ Grade – 12 ရူပဗေဒ သင်ခန်းစာ သဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်ထားလျှင် ကောင်းမွန်စွာဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ ဖြေဆို၊ အောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ။

# မိုးကောင်းမြို့နယ်၌ ဆီထွက်သီးနှံစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

မိုးကောင်း ဖေဖော်ဝါရီ ၂၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် စားသုံးဆီဖူလုံရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးဆောင်ရွက်ထားသော ဆီထွက်သီးနှံစိုက်ခင်းများကို ဖေဖော်ဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။



ပင်းကျိုင်းကျေးရွာရှိ ဦးမျိုးဦး၏နေကြာစိုက်ခင်းသုံးဧကနှင့် ပင်းဘောကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာရှိ ဦးမြင့်ဦး၏ နေကြာစိုက်ခင်း ခုနစ်ဧကတို့အား ကွင်းဆင်းကြည့်ရှုပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများကို ယခင်နှစ်ထက် တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်ခိုင်မာသန်းက အသင်းသားတောင်သူများအား မှာကြားသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အခြေခံသမဝါယမအသင်း ၁၂ သင်းမှ တောင်သူ ၅၃၆ ဦးက စိုက်ဧက ၁၄၂၀ ဒသမ ၄၂ ဧကတွင် ဆောင်းဆီထွက်သီးနှံ နေကြာ၊ မြေပဲနှင့် နှမ်းများ စိုက်ပျိုးထားရှိပြီး ယခုနှစ် ဧပြီလအတွင်း ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံမှန်သမျှ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်း၊ ရှိပြီးသား စိုက်ပျိုးရေးထွက်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၈-၂-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်မျို့ |



အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We Protect The Family
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇
Business Insurance




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး




မြန်မာလင်း(န်)အင်(န်)ဒဲလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဒွာညိုပန်းအဝိုင်းအနီး၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား (၈၄) ဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား (၈၄) ဦးကို မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံသားကာကွယ်ရေးနှင့်ကယ်ဆယ်ရေးဌာနညွှန်ကြားရေးမှူး Mr. Judha Nugraha နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယခရိုင်မှူး ဒုတိယရဲမှူးကြီး Mr. Sermkiat Kampira နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား (၈၄) ဦးအား ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသားများကိုသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၈၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ပြည်နှင်လွှဲပြောင်းရေးကိစ္စရပ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်မှဖေဖော်ဝါရီလ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၂၉၂၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၆၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၃၀ | ၃၃၄၀ | ၃၃၁၀ | ၃၂၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၈၀ | ၃၃၀၀ | ၄၅၀၅ | ၃၅၉၀ | ၃၃၁၅ | ၃၃၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၃၇၅ | ၃၆၃၀ |
| 95 Ron | ၃၂၈၀ | ၃၃၉၀ | ၃၃၆၀ | ၃၂၉၅ | ၃၄၀၀ | ၃၄၁၅ | ၃၄၃၀ | ၃၃၅၀ | ၄၅၆၀ | ၃၆၄၀ | ၃၃၆၅ | ၃၃၇၀ | ၃၄၄၀ | ၃၄၀၀ | ၃၄၂၅ | ၃၆၈၀ |
| HSD (500 ppm) | ၂၇၆၀ | ၂၈၇၀ | ၂၈၄၀ | ၂၇၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | - | ၃၁၂၀ | ၂၈၄၅ | ၂၈၄၅ | ၂၉၁၅ | ၂၈၈၀ | ၂၉၀၅ | ၃၁၆၀ |
| HSD (50 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | ၄၈၃၀ | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |
| HSD (10 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | - | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၁ | ၃၁၄၆ |
| 95 Ron | ၃၁၀၀ | ၃၁၉၆ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၃၂၂၆ | ၃၃၂၀ |
| HSD (10 ppm) | ၃၂၂၆ | ၃၃၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ယူကရိန်းပဋိပက္ခအား ငြိမ်းချမ်းစွာဖြေရှင်းရန် မည်သည့်အခါမျှ ငြင်းဆိုခဲ့ခြင်းမရှိဟု ဗလာဒီမာပူတင်ပြော



မော်စကို၊ နိုင်ငံရေး

ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခအား ငြိမ်းချမ်းစွာဖြေရှင်းရန် မည်သည့်အခါမျှ ငြင်းဆိုခဲ့ခြင်း မရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီလ ၂၇ ရက်တွင် ပြောကြားလိုက်သည်။

ယူကရိန်းပဋိပက္ခအပါအဝင် အခြားအကျပ်အတည်းများကို ငြိမ်းချမ်းစွာဖြင့် ဖြေရှင်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ရုရှားက မည်သည့်အခါမျှလက်လျှော့ပေးခြင်းမရှိကြောင်း၊ ထိုသို့ လုပ်ဆောင်ရန် အတွက်လည်း ရုရှားနိုင်ငံက အစဉ်ပြောကြားခဲ့ကြောင်း ပူတင်က ပြည်ထောင်စုလုံခြုံရေးအဖွဲ့၏ တွေ့ဆုံဆွေးနွေးပွဲတစ်ခု၌ ပြောကြားခြင်းဖြစ်သည်။

ယူကရိန်းအရေးတွင်သာမက အခြားကမ္ဘာ့ရေးရာကိစ္စရပ်များတွင်လည်း နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါကြောင်း သမ္မတပူတင်ကဆက်လက်ပြောကြားသည်။

ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ နိုင်ငံရေးအရပြင်းပြသည့်စိတ်ဆန္ဒသည် ယူကရိန်းနိုင်ငံတွင်ဖြစ်ပွားနေသည့်လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်စေမည့် အဓိက သော့ချက်ဖြစ်သည်ဟု ရုရှားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ မက်ဗီဒက်က ဖေဖော်ဝါရီလ ၂၇ ရက်တွင် ပြောကြားခဲ့ကြောင်းသိရသည်။ **Ref: Ivt**

# သံရုံးများပြန်လည်ဖွင့်လှစ်ရေး ရုရှားနှင့်အမေရိကန်မှ သံတမန်များက အစ္စတန်ဘူမြို့၌တွေ့ဆုံဆွေးနွေး



အစ္စတန်ဘူ၊ သံတမန်ဆက်ဆံရေး

ရုရှားနှင့် အမေရိကန်တို့ကြား သံရုံးပြန်လည်ဖွင့်လှစ်လည်ပတ်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံစလုံးမှ သံတမန်များက ဖေဖော်ဝါရီလ ၂၇ ရက်တွင် တူရကီယဲနိုင်ငံ အစ္စတန်ဘူမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုစတင်ကျင်းပသည့်တွေ့ဆုံဆွေးနွေးပွဲသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ကြား ပြုလုပ်သည့်ဖုန်းမှတစ်ဆင့်ပြောဆိုဆွေးနွေးမှုအတွင်း သဘောတူညီချက် ချမှတ်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

နှစ်နိုင်ငံသံရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ အရာရှိများက ယခင်အမေရိကန်အစိုးရလက်ထက် လုပ်ဆောင်ခဲ့သည့် တရားမဝင် လုပ်ဆောင်မှုများကြောင့်ဖြစ်ပွားခဲ့ရသည့် နည်းပညာဆိုင်ရာအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် အစ္စတန်ဘူမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု အန်ကာရာမြို့ရှိအမေရိကန်သံရုံးမှ အရာရှိတစ်ဦးကအတည်ပြုထားသည်။

အဆိုပါတွေ့ဆုံမှုသည် ၆ နာရီကျော်ကြာမြင့်ခဲ့ပြီး ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၀ မိနစ်တွင် ပြီးဆုံးခဲ့ကြောင်းသိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ထိရောက်စွာနှင့် လျင်မြန်စွာဖြင့် ရှေ့သို့တက်လှမ်းနိုင်စေရေးလမ်းဖွင့်ပေးနိုင်မည်ဟူသော မျှော်လင့်ချက်များကို ထွက်ပေါ်လာစေခဲ့ကြောင်း သိရသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် လက်ရှိတွင် သက်ဆိုင်ရာသံအမတ်များကို အမြန်ဆုံးခန့်အပ်တာဝန်ပေးရန်စီစဉ်လျက်ရှိကြောင်းသိရသည်။ **Ref: Xinhua, Abc**

# ဂျပန်နိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူတစ်ဦးသေဆုံးပြီး အနည်းဆုံး လူနေအိမ် ၈၄ လုံးပျက်စီး



တိုကျို၊ သဘာဝဘေး

ဂျပန်နိုင်ငံ အိုင်ဝါတေးစီရင်စုတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူတစ်ဦးသေဆုံးပြီး အနည်းဆုံး လူနေအိမ် ၈၄ လုံးပျက်စီးသွားကြောင်း အာဏာပိုင်များ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ NHK သတင်းဌာနက ဖေဖော်ဝါရီလ ၂၇ ရက်တွင်ဖော်ပြသည်။

တောမီးလောင်ကျွမ်းမှုများသည် စီရင်စုအတွင်းရှိ မြို့ကြီးသုံးမြို့တွင် ဖေဖော်ဝါရီလ ၂၆ ရက် မွန်းလွဲပိုင်းမှ စတင်ဖြစ်ပွားခြင်းဖြစ်ပြီး အာဏာပိုင်များက အဆိုပါဒေသတွင်းရှိ ဒေသခံ ၂၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရန် တိုက်တွန်းခဲ့ရကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

တောမီးလောင်ကျွမ်းမှုအတွင်း သေဆုံးသွားသူမှာ အိုဖူနာတိုမြို့မှ အမျိုးသားတစ်ဦးဖြစ်ပြီး အာဏာပိုင်များက မီးလောင်ကျွမ်းနေသည့် ၎င်း၏ရုပ်အလောင်းကို ပြန်လည်တွေ့ရှိခဲ့ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

ထို့ပြင် တောမီးလောင်ကျွမ်းမှုများကြောင့် ဖေဖော်ဝါရီလ ၂၇ ရက် နံနက်ပိုင်းအထိ လူနေအိမ် ၈၄ လုံး မီးလောင်ပျက်စီးသွားပြီး အာဏာပိုင်အဖွဲ့က လူ ၅၀၀ ကျော်ကို ယာယီခိုနားဆောင်များသို့ပို့ဆောင်ထားပြီးဖြစ်သည်။ တောမီးလောင်ကျွမ်းမှုအတွင်း သစ်တော ၆၀၀ ဟတ်တာကျော် မီးလောင်ကျွမ်းခဲ့ကြောင်းသိရသည်။

တောမီးလောင်ကျွမ်းမှုများကို ငြိမ်းသတ်နိုင်ရေးအတွက် အာဏာပိုင်များက ဆက်လက်ကြိုးပမ်းလျက်ရှိပြီး တောမီးလောင်ကျွမ်းမှုအတွင်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိသေးကြောင်းသိရသည်။

**Ref: Ivt, Xinhua**

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### အစ္စရေးက ၎င်းတို့ထိန်းသိမ်းထားသည့် ပါလက်စတိုင်း ၄၂ ဦးကို ပြန်လွှတ်ပေး

အစ္စရေးနိုင်ငံသည် ပထမအကြိမ် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ နောက်ဆုံးအသုတ်အဖြစ် ၎င်းတို့ထိန်းသိမ်းထားသည့် ပါလက်စတိုင်း ၄၂ ဦးကို ဖေဖော်ဝါရီလ ၂၇ ရက်တွင် ပြန်လွှတ်ပေးလိုက်ကြောင်းသိရသည်။

အစ္စရေးကပြန်လွှတ်ပေးလိုက်သည့် ပါလက်စတိုင်းအကျဉ်းသားများအနက် ၃၇ ဦးသည် အနောက်ဘက်ကမ်းခြေရှိ ရာမာလာမြို့သို့ရောက်ရှိလာပြီး ကျန်ငါးဦးကိုမူ ဂျေရုဆလင်မြို့သို့ ပို့ဆောင်ခဲ့ကြောင်းသိရသည်။

အစ္စရေးနှင့် ပါလက်စတိုင်းမှဟားမက်တို့ကြား အကျဉ်းသားအပြန်အလှန်လဲလှယ်ရေးနှင့် အပစ်အခတ်ရပ်စဲရေးကို ယခုနှစ် ဇန်နဝါရီလအတွင်းက သဘောတူညီခဲ့ခြင်းဖြစ်ပြီး အဆင့် ၃ ဆင့်ပါဝင်သည့် အဆိုပါအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဇန်နဝါရီလ ၁၉ ရက်မှစ၍ အသက်ဝင်လာခြင်းဖြစ်ကြောင်းသိရသည်။

**Ref: Tass**

### ဥရောပသမဂ္ဂအဖွဲ့က အမေရိကန်အားလှည့်စားရန် ထွက်ပေါ်လာခြင်းဖြစ်ဟု ထရမ့်ပြော

ဥရောပသမဂ္ဂအဖွဲ့သည် အမေရိကန်အားလှည့်စားရန် ထွက်ပေါ်လာသည့် အဖွဲ့အစည်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

အမေရိကန်အားလှည့်စားခြင်းသည် ဥရောပသမဂ္ဂ ရည်ရွယ်ချက်ဖြစ်ပြီး ယင်းအဖွဲ့အနေဖြင့် ထိုသို့လှည့်စားခြင်းကို ကောင်းစွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ထရမ့်က ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကျင်းပသည့် အစည်းအဝေး၌ ပြောသည်။

သို့သော် အမေရိကန်ပြည်ထောင်စုတွင် လက်ရှိအချိန်၌ မိမိသမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဥရောပသမဂ္ဂအပေါ် အခွန် ၂၅ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံမည့်အသေးစိတ်အချက်အလက်များကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်၏ အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်ကို ခိုင်မာစွာတုံ့ပြန်မည်ဟု ဥရောပကော်မရှင်က တုံ့ပြန်ပြောကြားခဲ့ကြောင်းသိရသည်။

**Ref: Xinhua**

### အမျိုးအမည်မသိ ရောဂါဖြစ်ပွားမှုကြောင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် လူ ၅၃ ဦးသေဆုံး


ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အမျိုးအမည်မသိရောဂါတစ်မျိုးဖြစ်ပွားမှုကြောင့် ၄၈ နာရီအတွင်း အနည်းဆုံး လူ ၅၃ ဦးသေဆုံးသွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်သည်။

အဆိုပါ အမျိုးအမည်မသိရောဂါဖြစ်ပွားမှုသည် နိုင်ငံအတွင်းရှိဒေသများ၊ အထူးသဖြင့် ဝေးလံခေါင်သီသည့် ပြည်နယ်များ၌ မကြာမီအချိန်အတွင်းမှစ၍ ဖြစ်ပွားခြင်းဖြစ်ပြီး ဘိုမာတေးကျေးရွာတစ်ခုတည်းမှာပင် ရောဂါဖြစ်ပွားမှုကြောင့် လူ ၄၅ ဦးသေဆုံးသွားသည်။


ထို့ပြင် အနီးအနားရှိ ဘိုလိုကိုနှင့်ဒန်ဒါကျေးရွာများရှိ ရောဂါဖြစ်ပွားသူ ၁၂ ဦးအနက် ၈ ဦးထပ်မံသေဆုံးခြင်းကြောင့် သေဆုံးသူဦးရေမှာ မြင့်တက်လာခြင်းဖြစ်သည်။ အဆိုပါ အမျိုးအမည်မသိရောဂါ၏ လက္ခဏာရပ်များမှာ ဖျားနာခြင်း၊ ချမ်းအေးခြင်း၊ ခေါင်းကိုက်ခဲခြင်း၊ ကိုယ်ခန္ဓာနာကျင်ခြင်း၊ ချွေးထွက်ခြင်း၊ ချောင်းဆိုးခြင်း၊ အော့အန်ခြင်းနှင့် ဝမ်းပျက်ခြင်းတို့ပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်ထားကြောင်းသိရသည်။

**Ref: RT**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ဝေါမြို့ Puma စက်သုံးဆီဆိုင်အနီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဖေဖော်ဝါရီလ ၂၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၈၆၀၀၀)ကိုလည်းကောင်း၊ ဝေါမြို့ Puma စက်သုံးဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၇)မျိုး၊ လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၂၅၉၂၆)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ UD Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၁၁၄၅၂၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီလ ၂၆ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ပိန္နဲတောင်ကျေးရွာအနီး၌ တရားမဝင်အခြားသစ်(၂ ဒသမ ၃၁၈) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့် ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင်အခြားသစ်(သုည ဒသမ ၄၂) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၃၄၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၇)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၂၀၉၇၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Chin Dwin Star Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၁၂၀၉၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ ငွေးကုန်းရပ်ကွက် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၂၈၃၀၀၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်းဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၇-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)


သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ညောင်ဦးမြို့နယ်၊ မြောင်ကျေးရွာ၌ ရှင်ပြုပွဲပြုလုပ်နေစဉ် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ရွာခံ ၁၀ ဦးကို ဖမ်းဆီးသွားကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

ညောင်ဦး ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြောင်ကျေးရွာ၌ ရှင်ပြုပွဲပြုလုပ်နေစဉ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ရွာခံ ၁၀ ဦးကို ဖမ်းဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အေးချမ်းစွာနေထိုင်နေသည့်ဒေသခံပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခြင်းမရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် ရဟန်းသံဃာများအား ခေါင်းစဉ်အမျိုးမျိုးပြ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## လာနီညာ အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ မတ်လအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေမှ ပုံမှန်နှစ်တစ်နှစ်သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှလေပွေလှိုင်းများတိုက်ခတ်ခြင်း၊ အနောက်ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းမှု မှုမမှန်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လေ့ရှိသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**







## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နေ အဘ ဦးဝင်းဗိုလ်၏သား ဦးပြည့်ဖြိုး ၁၂/ရကန(နိုင်)၀၈၂၈၀၀ နှင့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက်(၅၃၂၇) နေ အဘ ဦးမြင့်နိုင်၏သမီး ဒေါ်ကြူကြူဝင်း ၇/ရတရ(နိုင်)၁၁၈၆၅၉ တို့သည် ၈-၂-၂၀၁၂ ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာခဲ့ပြီး သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။ ကျွန်တော်၊ ကျွန်မတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၊ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် ၂၇-၂-၂၀၂၅ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြူကြူဝင်း

### ပျောက်ဆုံးကြောင်း

ထက်အောင်(ဘ)ဦးကျော်ကျော်ဆန်း ၁၂/ဒဂတ(နိုင်)၁၀၄၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 784575)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ခင်မောင်ဇော်(ဘ)ဦးငွေးလင်း ၅/ဒပယ(နိုင်)၁၅၃၂၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

သင်းနွေမာစိုး(ဘ)ဦးစိုးမြင့် ၁၂/သဃက(နိုင်)၁၆၅၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၀၄၇၃၆

### ပျောက်ဆုံးကြောင်း

နော်တိုင်နီ(ဘ)ဦးပယ်ရီ ၁၃/တကန(နိုင်)၀၃၇၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 118390)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

မြင့်ဆွေ(ဘ)ဦးမောင်သော် ၅/တမန(နိုင်)၀၁၅၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၈၀၀၇၃၃၉

### ပျောက်ဆုံးကြောင်း

ထွန်းထွန်းဝင်း(ဘ)ဦးအုန်းရွှေ ၁၄/ဟသတ(နိုင်)၀၀၃၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၈၀၀၇၃၃၉

### ပျောက်ဆုံးကြောင်း

နန့်သီရိမွန်(ဘ)ဦးမြဆန်း ၁၄/မမန(နိုင်)၂၈၄၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 099023)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း

အောင်နိုင်ဝင်း(ဘ)ဦးအောင်ဆန်း ၁၂/ဥကတ(နိုင်)၁၅၇၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

မျိုးမင်းလတ်(ဘ)ဦးဘရင် ၁၂/အစန(နိုင်)၂၀၅၉၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၇၆၆၃၄၇

### ပျောက်ဆုံးကြောင်း

ကျော်မင်းမောင်(ဘ)ဦးခင်မြင့် ၁၂/ဗဟန(နိုင်)၀၁၇၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၁၄၄၀၁၀

### ပျောက်ဆုံးကြောင်း

ထွန်းထွန်းနိုင်(ဘ)ဦးခင်မောင်ကြည် ၉/ခမစ(နိုင်)၀၁၀၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၃၇၉၉၅၅၉

### ပျောက်ဆုံးကြောင်း

ခင်သက်ဝေ(ဘ)ဦးမောင်မောင်ကြည် ၁၂/ကမတ(နိုင်)၀၅၃၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 129885)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၇၈၄၁၃၄

### ပျောက်ဆုံးကြောင်း

ဝင်းကိုလွင်(ဘ)ဦးရဲဝင်းအောင် ၁၂/ကမတ(နိုင်)၀၈၁၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၀၆၂၈၃၄

### ပျောက်ဆုံးကြောင်း

စောအာကာထူးအောင်(ဘ)စောထူးမြင့်အောင် ၁၄/ဖပန(နိုင်)၁၄၃၀၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 966087)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၃၂၃၁၃

### ပျောက်ဆုံးကြောင်း

နော်အယ်မူး(ဘ)ဦးမူစေး ၁၄/ပသန(နိုင်)၀၀၂၅၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၄၀၃၀၉၂

### ပျောက်ဆုံးကြောင်း

သိန်းစိုး(ဘ)ဦးခင်မောင်ရွှေ ၅/တဆန(နိုင်)၀၉၉၀၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 077873)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၄၈၉၀၃၄

### ပျောက်ဆုံးကြောင်း

အေးသဇင်(ဘ)ဦးရဲအောင် ၁၂/တတန(နိုင်)၂၀၈၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၂၈၉၃၄၄

### ပျောက်ဆုံးကြောင်း

မဟာရင်နယ်ပါရ်(ဘ)ဦးနွှင်ခါမ်း ၅/ကလထ(နိုင်)၂၇၃၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၆၀၀၃၉၀

### ပျောက်ဆုံးကြောင်း

တင်ဇာခိုင်(ဘ)ဦးထွန်းစိန် ၁၂/ဥကတ(နိုင်)၁၆၁၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 041951)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

မေသဇင်လွင်(ဘ)ဦးခင်မောင်လွင် ၁၂/သကတ(နိုင်)၁၅၉၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်ပြောင်း

ဦးသူရိန်ဝင်း ၉/ပဘန(နိုင်)၁၂၂၄၇၇ ၏သမီး နေပြည်တော်ပုဗ္ဗသီရိမြို့ အ.ထ.က(၁၃) G-10 မှ မဆုဝတီ ၁၃/ညရန(နိုင်)၁၈၃၅၆၇ အား ယနေ့မှစ၍ မဆုဝတီလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုဝတီလွင်

### ပျောက်ဆုံးကြောင်း

မွန်အရှင်ဝရိန္ဒ(ခမည်းတော်)ဦးမောင်ကြိုင် ၁၂/ဥကတ(သ)၀၀၂၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မဆွေဆွေခိုင်(ဘ)ဦးငွေဝင်း ၁၀/ရမန(နိုင်)၁၆၂၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

ဦးမိုးကျော်ထွန်း(ဘ)ဦးဝင်းကြည် ၁၀/ရမန(နိုင်)၁၃၄၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မချစ်မိုးစင်(ဘ)ဦးအုန်းသန်း ၇/ပခန(နိုင်)၄၄၆၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

မခင်အေးစိုး(ဘ)ဦးအေးသောင်း ၃/ဘအန(နိုင်)၃၅၇၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### အမည်မှန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ အ.ထ.က-ဟောင်လိတ် Grade-10(B) မှ မနာမီလိုး၏ဖခင်အမည်မှန်မှာ ဦးကျလော ၁၃/မဆန(နိုင်)၀၂၂၀၆၃ ဖြစ်ပါကြောင်း။

ဦးကျလော

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မရွှန်းလဲ့မိုး(ဘ)ဦးပြုံးချို၅/ယမပ(နိုင်)၁၆၀၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 497945)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မသီရိဝေ(ဘ)ဦးသာအောင်၅/ယမပ(နိုင်)၁၄၀၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 413515)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

### ပျောက်ဆုံးကြောင်း

တာမိုးညဲမြို့၊ (၈)ရပ်ကွက်နေ လိကိန်းလုံ(ခ)ဝင်းမင်းထွန်း(ဘ)လိုလိပန်း(ခ)ကျော်မြင့် ၁၃/တမည(နိုင်)၀၀၅၄၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၆၁၃၁၂၈၂

### ပျောက်ဆုံးကြောင်း

ဇော်ဇော်(ဘ)ဦးခင်လှိုင် ၈/တတက(နိုင်)၁၀၆၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 860254)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

တင်မျိုးလှိုင်(ဘ)ဦးအောင်မင်းစိန် ၅/မမန(နိုင်)၀၈၃၇၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 468974)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ တော်ခင်တောင်ကျောင်းနေ အရှင်ဦးဝဏ္ဏဝါသီ (ဘ) ဦးထွန်းရှင် ၇/ဖမန(သ)၀၀၂၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း

ဖြူးမြို့၊ ကညွတ်ကွင်း(၂)ရပ်ကွက်၊ ကျောင်းကြီး(၆)လမ်းနေ ကောင်းဆက်နိုင်(ဘ)ဦးသက်နိုင်ဦး ၇/ဖမန(နိုင်)၂၃၈၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့၊ ဖဒို(၅)ရပ်ကွက်နေ မခင်စုဟန်(ဘ)ဦးအေးလွင် ၇/ကတခ(နိုင်)၂၁၀၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့၊ ကြံဖိုစုရွာနေ မသီတာလှိုင်(ဘ)ဦးသောင်းရွှေ ၉/လဝန(နိုင်)၁၇၆၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 307065)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၀၇၅၀၇၁

### ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ လဝမ်ရပ်ကွက်နေ မမေဇင်ယု(ဘ)ဦးစံမြ ၁/ဝမန(နိုင်)၁၀၇၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 456190)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၀၇၃၃၇၆

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ အုတ်ဖိုမြို့နယ်၊ ဖလံပင်အုပ်စု၊ ဆင်ကူးကျေးရွာနေ ဖြိုးဝေဦး(ဘ)ဦးမြင့်ဇော် ၇/အဖန(နိုင်)၁၁၃၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 758713)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၃၉၁၇၄၅၂

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ကံဦးရပ်၊ နယ်မြေ(၃)၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေးလမ်းနေ၊ ဦးစိုင်းသိန်းသန်းထွဋ်(၉/မထလ(နိုင်)၂၀၆၄၇၉)ကိုင်ဆောင်သူမှ ဝိုင်းမြေ၏ ခန့်မှန်းပေ(၃၀၀'-၀")အား အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ယင်း အုတ်ဝန်းခြံကာရံခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် ကျောင်းပိုင်းရပ်ကွက် သီရိမာလလမ်းသွယ်အမှတ်(၁၅)နေ ဦးခင်မောင်လွင်+ဒေါ်အေးမြင့်တို့၏သား မောင်ကျော်သစ်လွင် ၁၀/မလမ(နိုင်)၁၅၃၇၆၉ သည် မိဘ၏ဆုံးမမှုကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။**

**ဦးခင်မောင်လွင်၊ သံဖြူဇရပ်မြို့**

### ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့၊ သစ်တောရွာနေ မောင်ရဲရင့်အောင်(ဘ)ဦးကျော်တင့် ၉/လဝန(နိုင်)၂၉၁၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 750442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၅၃၈၀၄၆

### ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့၊ ကြံဖိုစုရွာနေ မောင်ဇော်ထွေး(ဘ)ဦးမိုး ၉/လဝန(နိုင်)၁၇၆၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 346294)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၀၇၅၀၇၁

### ပျောက်ဆုံးကြောင်း

ဖြူးမြို့နယ်၊ ဒီမိုရပ်ကွက်၊ ဇေယျဝတီတောင်ပိုင်းနေ ဘာရီ(ဘ)ဦးရမ်းစွန္ဒား ၇/ဖမန(နိုင်)၂၃၉၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ကျောက်ကြီးစုရပ်ကွက်နေ ဝတ်ရည်လင်း(ဘ)ဦးအောင်မြင့် ၇/ပခန(နိုင်)၁၈၇၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၈၅၂၆၈၄၉

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှု

**စာမျက်နှာ ၆ ကော်လံ ၁ ◆**



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား (၈၄) ဦး ထပ်မံလွှဲပြောင်းပေးအပ်

စာ - ၂၈ သို့

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

စာ - ၂၅ သို့